www.burmeseclassic.com

BURMESE CLASSIC

# စေမှူးသွင်

## လူမျောက်ကြော်ငြာ

www.burmeseclassic.com

www.burmeseclassic.com

## ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| စီစဉ်သူ | - | ရန်ကုန်လမ်းမများစာပေ |
| ထုတ်ဝေသည့်အကြိမ် | - | ပထမအကြိမ် |
| ထုတ်ဝေသည့်ကာလ | - | ၂၀၁၃၊ ဇန်နဝါရီ |
| ကွန်ပျူတာစာစီ | - | ဘိဘိ |
| မျက်နှာဖုံးဒီဇိုင်း | - | မျိုးကျော် |
| အတွင်းပုံနှိပ်နှင့် မျက်နှာဖုံးပုံနှိပ် | - | ဦးညွန့်လင်း (အောင်အောင်မိုးအော့ဖ်စက်) ၃၃လမ်း၊ ၈၁×၈၂ကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေး။ |
| ထုတ်ဝေသူ | - | ဒေါ်သင်းသင်းမွန် (သင်းစာပေ) (မြ-၁၄၂၃၂) အမှတ် ၁၀၊ ရတနာမြိုင်လမ်း၊ လှည်းတန်း၊ ကမာရွတ်မြို့နယ်။ |
| အုပ်ရေ | - | ၁၀၀၀ |
| တန်ဖိုး | - | ၈၀၀ ကျပ် |

### ထုတ်ဝေသည့် စာအုပ်ကတ်တလောက်အညွှန်း (CIP)

ဝေမှုန်သွင် ၈၉၅. ၈၃

လူပျောက်ကြော်ငြာ /ဝေမှုန်သွင်- ရန်ကုန်၊

သင်းစာပေ၊ ၂၀၁၃၊

စာမျက်နှာ-၇၆မျက်နှာ ၊ ၁၂ စင်တီမီတာ× ၁၈ စင်တီမီတာ

(၁) လူပျောက်ကြော်ငြာ

www.burmeseclassic.com

www.burmeseclassic.com

## အမှာ

॥ ၁ ॥

ကျွန်တော်တို့မျိုးဆက်ကဗျာ၊ ဝတ္ထု၊ ပန်းချီ၊ သီချင်းရေးသူများ၊ နိုင်ငံရေးတက်ကြွလှုပ်ရှားသူကျောင်းသားလူငယ်များ၊ အသိဉာဏ်နှင့် လွတ်လပ်မှုကို အငမ်းမရဆာလောင်နေသော အခြားလူငယ်၊ လူရွယ်ထောင်ပေါင်းများစွာတို့သည် တကယ်တော့ မအောင်မြင်သည့် ဆိုရှယ်လစ်ပညာရေးစနစ်နှင့်နောက်ဆက်တွဲစနစ်ဆိုး၏ သားကောင်များအဖြစ် ကြီးပြင်းလူလား

www.burmeseclassic.com

www.burmeseclassic.com



မြောက် လာခဲ့ကြသူများသာ ဖြစ်ပါသည်။

ထိုလူငယ်ကျောင်းသားများနှင့် အနုပညာသမားများမှာ မည်သည့်ခေတ်မီအနုပညာကျောင်းများနှင့် ဆန်းသစ်လွတ်လပ်သည့် ဖန်တီးခွင့်များမရရှိ ကိုယ်ပိုင်တွေးခေါ်နိုင်စွမ်းရှိသူများကို မွေးထုတ်အားပေးသော လစ်ဘရယ်ပညာရေး (Liberal Education) မျိုးမရှိ၊ ကျောင်းသားထု၏ အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ရန်နှင့် ဖိနှိပ်သော ပညာရေးကို တွန်းလှန်တိုက်ပွဲဝင်ရန် ဦးဆောင်ပေးမည့် (ဗကသ) ကဲ့သို့ ကျောင်းသားသမဂ္ဂများမရှိ၊ အစိုးရပေးသော သာမန်ပညာရေးထဲမှ ဖောက်ထွက်ပြီး ကိုယ့်နည်း၊ ကိုယ့်ဟန်ဖြင့် ပညာကို လေ့လာလိုသူအခြားလူငယ်၊ လူရွယ်တို့အတွက်လည်း လုံလောက်သည့် စာအုပ်၊ စာတမ်းများနှင့် ပညာရေးထောက်ပံ့မှုများ မရရှိဘဲ ဖြစ်သလိုပညာသင်ယူခဲ့ကြပြီး၊ ကြုံသလို ရပ်တည်၊ အသက်ရှင်ခဲ့ကြရ၏။

www.burmeseclassic.com

www.burmeseclassic.com



ကံကောင်းသူတချို့မှလွဲ၍ ကျွန်တော်တို့ မျိုးဆက်လူငယ်အများစုသည် သိမှုအရွယ်မရောက်ဘဲ၊ လူ့ခန္ဓာကိုယ်ချည်းသက်သက်သာ ကြီးထွားအရွယ်ရောက်လာကြရရှာသည်။ ဒါကိုတော့ ကျွန်တော်တို့ခေတ်ရဲ့ကဗျာဆရာလှသန်းက "သုညမျိုးဆက်" ဟု အမည်တပ်ခဲ့လေသည်။

တကယ်လည်း ဟုတ်ပါသည်။ တချို့လူငယ်တွေက ပလက်ဖောင်းပေါ်မှာ ကြုံရာပျံကျလုပ်၍ အဆုံးစွန်ထိ ကိုယ်ကျင့်တရားပျက်စီးနေကြ၏။ တချို့က မိမိယုံကြည်ချက်အတွက် နှစ်ရှည်လများ ထောင်နံ့ရံတိုက်ခန်းတွေထဲမှာ သူတို့၏လူငယ်ဘဝတစ်ခုလုံးကို ထိုးအပ်ကာ တိုက်ပွဲဝင်နေကြ၏။ တချို့ကမူ ငွေအတွက် နိုင်ငံခြားသို့ထွက်၍ အသက်နှင့် ခန္ဓာကိုယ်ကို ရင်းထားရသော ကာယလုပ်သားများ ဖြစ်သွားကြ၏။ တချို့မှာ ပညာတတ်၊ အတွေးအခေါ်မဲ့၊ ရေပေါ်ဆီဖောက်ပြန်ရေးသမားလေး

www.burmeseclassic.com

www.burmeseclassic.com



တွေ ဖြစ်ကုန်ကြ၏။ တချို့တွေကျ နယ်စပ်မှာ၊ တောထဲမှာ (၁၉၈၈) ခုနှစ်နောက်ပိုင်း ဒုတိယမျိုးဆက်ကျောင်းသားလက်နက်ကိုင်တော်လှန်ရေးသမားလေးတွေ ဖြစ်သွားခဲ့ကြ၏။ တချို့သည် ဆံပင်ရှည်တွေ၊ တက်တူးတွေနှင့် ကဗျာ၊ ပန်းချီ၊ သီချင်း . . . (စသည်) များရေးကာ အရက်ဖြူတွေ ထိုင်သောက်လျက်ရှိ၏။ တချို့များကျတော့ နှာဗူးလေးတွေ၊ ဆေးသမားတွေ ဖြစ်နေကြသည်။ တချို့လည်း ဘောလုံးသမားပဲ လုပ်ရမလို၊ စစ်တုရင်ပဲ ကစားရမလိုနှင့် ယောင်ပေပေဖြစ်နေပြန်ပါသည်။ တချို့ကား ကံကောင်းထောက်မပြီး လူတန်းစေ့ရုံပညာရေးလေးရရှိသဖြင့် (ဘဝင်စိတ်နှင့်) ပြည်ပနိုင်ငံများသို့ အပြီးတိုင် ထွက်ခွာသွားကြတော့သည်။ (အားလုံးမှာ ကိုယ့်အကြောင်းနှင့်ကိုယ်ပင် ဖြစ်၏။)

ပို၍တိတိကျကျပြောရလျှင် အဆိုပါ မျိုးဆက်သည်

www.burmeseclassic.com

www.burmeseclassic.com



(၁၉၇၅) မှ (၁၉၈၀) နှုန်းတစ်ဝိုက်တွင် မွေးဖွားကြီးပြင်းခဲ့ကြပြီး၊ (၁၉၉၃) မှ (၁၉၉၈) ခုနှစ်များဆီတွင် ဆယ်တန်းအောင်ကာ တက္ကသိုလ်၊ ကောလိပ်တွေကို ရောက်လာကြသည့် (အချို့က ဆယ်တန်းကို နှစ်ခါ၊ သုံးခါလောက်ကျသဖြင့် ပညာရေးကို စွန့်လွှတ်သွားကြ၏။) လူငယ်၊ လူရွယ်အင်အားစုများ ဖြစ်သည်။ အဲဒီမျိုးဆက်ဝင်များကို ကျွန်တော်ဆိုလိုပါသည်။ သချာသည်မှာ ထိုကျွန်တော်တို့ မျိုးဆက်သည် အလွန်တရာ အဆုံးအရှုံးကြီးမားလှသော မျိုးဆက်တစ်ခုကို တိတိကျကျ ကိုယ်စားပြုထားသည်ဆိုသော အချက်ပင် ဖြစ်လေ၏။

ဒီလိုနှင့် ကျွန်တော်တို့က တဖြေးဖြေးအရွယ်ရောက်လာကြသည်။

တချို့သည်ကား လူ့လောကကြီးထဲမှ ထွက်ခွာသွားခဲ့ကြ၏။

www.burmeseclassic.com

www.burmeseclassic.com



॥ ၂ ॥

ကျွန်တော်တို့က (၁၉၈၈) ခုနှစ်မတိုင်မီအထိ ကိုယ့်ဘာသာကိုယ် Sanctions လုပ်ထားသော အဲဒီတစ်ဖက်ပိတ် လူ့အဖွဲ့အစည်းကြီးထဲမှာ တတ်နိုင်သလောက် ပညာတွေသင်ကြ၊ အလင်းရောင်ကို ရှာရင်းနဲ့ ကြမ်းရှရှအနုပညာမျိုးတွေ ဖန်တီးကြ၊ လွတ်လပ်မှုအတွက် နည်းလမ်းပေါင်းစုံသုံးပြီး ခေတ်ဆိုး၊ စနစ်ဆိုးကို ရင်ဆိုင်တိုက်ခိုက်ကြ၊ အမှောင်လမ်းထဲမှာ ဒီမိုကရေစီဘောင်ကို ရသမျှ ချဲ့ထွင်ခဲ့ကြ၊ တစ်ခါတလေမှာလည်း ဆန့်ကျင်ဘက်လိင်၊ ငွေကြေးနဲ့ ဘာမှမဟုတ်တဲ့ အောင်မြင်မှုသေးသေးကွေးကွေးလေးတွေမှာ သာယာနေကြ၊ များသောအားဖြင့်တော့ ကိုယ့်အမှားသိပ်မဖြစ်အောင် ကျွန်တော်တို့ ဆင်ဆင်ခြင်ခြင်နှင့် မိုက်မဲခဲ့ကြပါသည်။

မကြာခင် ခင်ဗျားတို့ ဖတ်ရတော့မယ့် အခု ဒီဝတ္ထုငယ်

www.burmeseclassic.com

www.burmeseclassic.com



ထဲမှာ ကျွန်တော့်ကိုယ်ပိုင်ကာလယန္တရားတစ်ရပ်ကို ခေတ်ပေါ် စကားလုံးများနှင့် တည်ဆောက်ထားကြောင်း တွေ့ရပါလိမ့်မည်။ စာဖတ်သူများ လွယ်ကူစေဖို့ ကျွန်တော်မျှော်လင့်ပါသည်။ ဒါမှ မဟုတ်လည်း နတ်ဆိုးများဖတ်ရန်လို့ ယူဆနိုင်ပါသည်။

။ ၃ ။

ပြောဖို့ ကျန်နေသေးသော တစ်ချက်မှာ ဒီဝတ္ထုသည် စာဖတ်နှံ့စပ်သည့် ပရိသတ်များအတွက် အသစ်မဟုတ်ပါ။ (၂၀၀၅) ခုနှစ်လောက်က Idea မဂ္ဂဇင်းတွင် တစ်ကြိမ်၊ (၂၀၀၇) ခုနှစ်တွင် စာရေးဆရာတာရာမင်းဝေနှင့်တွဲ၍ "ကြက်ခြေခတ် နှစ်ခု" ဆိုသော စာအုပ်မှာတစ်ကြိမ် ပုံနှိပ်ထုတ်ဝေခဲ့ဖူးသည့် ဝတ္ထုဟောင်းတစ်ပုဒ်သာ ဖြစ်သည်။

နောက်ဆုံးအနေနှင့် ပါမောက္ခဒေါက်တာသန်းထွန်း၏ စကားလို ဆိုရလျှင် ဒီဝတ္ထုဖြတ်ကောင်းဖို့ ကျွန်တော်အာမခံ

www.burmeseclassic.com



ပါ။ ကျွန်တော်တို့၏ အဆုံးအရှုံးကြီးမားလှသော မျိုးဆက်ကို လည်း ဒီ "လူပျောက်ကြော်ငြာ" က တစ်စုံတစ်ရာ ဂုဏ်ဆောင် ပေးနိုင်မည် မဟုတ်ပါ။။ များစွာအားနာလှပါသည်။

သို့သော် ဒီတစ်ခါလည်း "အနုပညာဆိုတာ ဘယ်နိုင်ငံ ရေးအယူအဆရဲ့ လက်အောက်ခံမှ မဟုတ်ဘူး" ဆိုသည့် ကျွန် တော့်မူအတိုင်း ကျွန်တော်ခံစားရသလို စကားလုံးအနုပညာဖြင့် ရေးဖွဲ့ထားခြင်းမျှသာ ဖြစ်ပါသည်။ ဒါကိုသာလျှင် ကျွန်တော်တာ ဝန်ယူနိုင်ပါသည်။

အားလုံးကို ကျေးဇူးတင်ပါသည်။ ။

လေးစားစွာဖြင့်

ဝေမှူးသွင်

www.burmeseclassic.com

www.burmeseclassic.com

( ၁ )

သူသည် အရပ်ရှစ်မျက်နှာစလုံး ဘယ်ကိုကြည့်ကြည့် ရေတွေကိုသာမြင်ရသည့် ပင်လယ်ထဲမှာ တစ်စုံတစ်ရာအား စဉ်းစားနေခဲ့သည်။ တော်တော်ကြာသည်အထိ သဘော်ဦး ထိပ်၌ သူထိုင်နေ၏။ သူ့ဆံပင်ရှည်များက လေ၌လွင့်ဝဲကာ ကြမ်းရှနေလေပြီ။ မာထန်သော သူ့အကြည့်များသည် ဘဝက သင်ပေးသော လေ့ကျင့်ခန်းတွေလည်း ဖြစ်၏။

ထိုမျက်လုံးစူးစူးများဖြင့် ရေပြင်အနှံ့ သူ့လျှောက်

www.burmeseclassic.com

www.burmeseclassic.com



ကြည့်သည်။ သင်္ဘောပဲ့နင်းအဘိုးကြီးက ငိုက်မျှေးကာ သူ့အလုပ်သူလုပ်လျှက်ရှိပါသည်။ သင်္ဘောဝမ်းထဲတွင် ပိုက်ဆွဲထားပြီး ပင်ပန်းနေသည့် ရေလုပ်သားများအားလုံး နှစ်ခြိုက်စွာ အိပ်မောကျနေ၏။ သူတို့မှာ နေ့ရယ်၊ ညရယ် ဟူ၍ မရှိ။ ပိုက်ချချိန်နှင့် ပိုက်ဆွဲချိန်သည် သူတို့အလုပ်ချိန် ဖြစ်သည်။ ထိုအချိန်များသည် သေလောက်အောင် ပင်ပန်းပြီး သူကိုယ်တိုင်လည်း အဲဒီအချိန်တွင် အလုပ်နည်းနည်း ရှုပ်ပါသည်။

သူ့ကို ဒိငါးဖမ်းသင်္ဘောပေါ်တွင် ကိုသူရိန်ဟု အားလုံးက သိထားကြ၏။ သူက ပိုက်ဆွဲချိန်၌ ငါးများကို အလေးချိန်မှတ်၊ စာရင်းဇယားလုပ် . . .။ ပြီးရင် သူတာဝန်က ဘာမှမရှိတော့ပေ။ သင်္ဘောပေါ်တွင် သင်္ဘောသားများအတွက် ထမင်းချက်နှစ်ယောက်၊ ပဲ့နင်းအဘိုးကြီးနှင့် လက်ထောက် (ပဲ့နင်းကြီး၏တပည့်)တစ်ယောက်၊ သင်္ဘော၏တာဝန်ခံ (သို့) သူဌေး

www.burmeseclassic.com

www.burmeseclassic.com



၏လူယုံ ကိုညိုနှင့် သူ. . .။ ကျန်တာက ကာယလုပ်သားများ ဖြစ်သည်။

ပင်လယ်ထဲတွင် ဆည်းဆာချိန်သည် ရက်စက်သော လှပမှုတစ်မျိုး ဖြစ်ပါ၏။ တိုက်ဆိုင်သည်လားတော့ မပြောတတ်။ အခုလို ဆည်းဆာချိန်ရောက်ပြီဆိုရင် ပိုက်ချ၊ ပိုက်ဆွဲနှင့် အလုပ်ရှုပ်ချိန်များမဟုတ်ဘဲ သင်္ဘောသားတွေ ပင်ပန်းကာ အိပ်ပျော်နေချိန်တွေသာ ဖြစ်နေလေ့ရှိသည်။

ကိုညိုနှင့် လက်ထောက်ပဲ့နင်းတို့က ဒီအချိန်ဆို အမြဲမှူးနေကျ။ ဒါကြောင့် သင်္ဘောပေါ်တွင် သူတစ်ယောက်တည်းသာ အမြဲလိုလို ဖြစ်နေတတ်၏။ သူက ပါလာသော စာအုပ်တွေကို ဖတ်ရင် ဖတ်၊ မဟုတ်ရင် သင်္ဘောထိပ်ဦးမှာ တစ်ယောက်တည်း ရေတွေကို ငေးကြည့်နေမိသည်။

ဆည်းဆာချိန်သည် ပင်လယ်ရေအပြာရောင်နှင့် သူ့တို

www.burmeseclassic.com

www.burmeseclassic.com



အမြဲဆွဲဆောင်ထားနိုင်ခဲ့သည်။ အဝေးဆီမှ တစ်ခါတစ်ရံ မီးပြတိုက်များနှင့် ကျွန်းစုတချို့ကို မြင်ရသည်မှလွဲ၍ ကျန်တာက ရေပြင်တွေကိုပဲ သူအဖော်လုပ်ရသည်။ ဆည်းဆာနောက်ခံတွင် ရေလှိုင်းများ တလိမ့်လိမ့် ရွေ့လျားသွားသည်ကို သူအရမ်းသဘောကျပါသည်။

ထိုအခါများတွင် သူက ကဗျာဆရာတစ်ယောက် မဖြစ်ခဲ့သည်ကို နောင်တရနေမိ၏။ ရုတ်တရက် သူ့မှတ်ဉာဏ်ထဲတွင် ကဗျာနှင့် စာပေအနုပညာပေါ်တွင် အလွန်ခုံမင်သော "ဆည်းဆာ" ဆိုသည့် ကောင်မလေး၏ရုပ်သွင်က ဖျတ်ခနဲပေါ်လာ၏။

ဆည်းဆာရေ . . . .

မင်းသာဆိုရင် ဒီလိုရှုခင်းမျိုးကို "ကပ္ပလီပင်လယ်" ဒါမှမဟုတ် "နေဝင်ချိန်လှိုင်းများ" . . . . အဲဒီလို ခေါင်းစဉ်မျိုးတွေနဲ့ ကဗျာဖွဲ့ဖြစ်မှာပဲ။ သူက တစ်ယောက်တည်း သရော်သလို ပြုံး

www.burmeseclassic.com

www.burmeseclassic.com



လိုက်မိသွားသည်။ သူ့ခေါင်းထဲမှာ လွန်ခဲ့သည့် ငါးနှစ်တုန်းက "ဆည်းဆာ" ဆိုသော ကောင်မလေးအကြောင်း အခန်းဖွဲ့ထား လိုက်၏။ ပင်လယ်လှိုင်းများက စောစောကထက် ပို၍လှုပ်ရှားစွာ သဘော်ကို ရိုက်ခတ်နေသည်။

သို့သော် .... သူ့ရင်ဘတ်ထဲမှ သတိရခြင်းကို လှိုင်းများကပင်အောင် မရိုက်ခတ်နိုင်ဘဲ ဖြစ်နေလေသည်။ သူက ခြောက်သွေ့စွာ အော်ရယ်ပစ်လိုက်မိ၏။

* * *

www.burmeseclassic.com

www.burmeseclassic.com

( ၂ )

သူ့ကို ငယ်သူငယ်ချင်းတွေအားလုံးက ' နေမင်း ' ဟု ခေါ်ကြသည်။ သူ့နာမည် အပြည့်အစုံက ' နေမင်းသူရိန် '။ သူသည် ရန်ကုန်တက္ကသိုလ်၏ ထင်ရှားကျော်ကြားသူများထဲမှ တစ်ယောက်ဖြစ်သည်။ သူ့အဖေက နာမည်ကျော်ရုပ်ရှင် ဒါရိုက်တာကြီးတစ်ဦး။ အမေကလည်း ဆေးပညာလောကမှာ လူတွေက လေးစားရသည့် နိုင်ငံခြားပြန် ဆရာဝန်မကြီးဖြစ်၏။ သူ့မှာ ကြွေရုပ်လေးလိုလှသော အစ်မတစ်ယောက် ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



အစ်မက နာမည်ရကာစ ရုပ်ရှင်မင်းသမီးလည်း ဖြစ်သည်။ ပြီးတော့ သူကိုယ်တိုင်ကလည်း တက္ကသိုလ်လက်ရွေးစင် ဂိုးသမားတစ်ဦးဖြစ်သည်။

ဒီလိုအခြေအနေတွင် သူ့ဘဝ၌ လိုသမျှ အရာရာအားလုံး ပြည့်စုံခဲ့၏။ ငွေကြေးနှင့် တခြားအခွင့်အလမ်းများစွာသည် သူ့အတွက် အမြဲတံခါးဖွင့်သလို ဖြစ်ခဲ့သည်။ သူ့နားမှာဝိုင်းနေသော မိန်းကလေးများကို ကျော်လွန်ပြီး သူ့နှလုံးသားတသိပ်မလှသော၊ သိပ်မချမ်းသာသော၊ သိပ်မထူးခြားသော "ဆည်းဆာ" ဆိုသည့် သာမန်ကောင်မလေးတစ်ဦးကို သူရွေးချယ်ခဲ့မိပါသည်။

ထိုကောင်မလေးသည် ကဗျာဆရာမဖြစ်ဖို့တစ်ခုသာ ရည်ရွယ်ချက်ထားသူ ဖြစ်၏။ သူ့ဆန္ဒကို ဘယ်သူမှ ထိန်းချုပ်ရောက် မတားဆီးနိုင်ခဲ့ဘဲ သူနှင့်ဆည်းဆာတို့ ချစ်သူဘဝတို

www.burmeseclassic.com

www.burmeseclassic.com



ရောက်ခဲ့ကြသည်။ သူတို့အတွဲကို အားလုံးက အားကျငေးမော ခဲ့ကြသည်။

ဆည်းဆာ၏ ရိုးသားမှုနှင့် မာနသည် သူ့အတွက် ဘာနဲ့မှမလဲနိုင်သော သီးသန့်တန်ဖိုးတစ်မျိုးလည်း ဖြစ်လေသည်။ သူမ၏ မေးရိုးသွယ်သွယ်လေးနှင့် မျက်လုံးကြည်ကြည်လေးတွေကို သူ့အလွန်စွဲလမ်းခဲ့ပါသည်။ သူပါဝင်ကစားသော ဘောလုံးပွဲများနှင့် သူမပါဝင်ရေးသားသော ကဗျာစာအုပ်များသည် ချစ်သူနှစ်ယောက်ကြားမှာ အမြဲအမှတ်တရ ဖြစ်ခဲ့၏။ သူမပေးဖတ်သည့် အနုပညာဆိုင်ရာ သဘောတရားစာအုပ်များကို သူကြိုးစားဖတ်ကြည့်သည်။ သိပ်နားမလည်သော်လည်း သူရေးတေးတေးတော့ သဘောပေါက်သည်။ အနုပညာ၏ သိမ်မွေ့မှုနှင့် နက်ရှိုင်းခြင်းထက် သူမနှုတ်ခမ်းများ၏ သိမ်မွေ့နက်ရှိုင်းသော အနေအထားကို သူပို၍ စိတ်ဝင်စားပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ဆည်းဆာ ငယ်စဉ်ကပင် အဖေရော အမေပါ ကားမတော်တဆမှုတစ်ခုဖြင့် တိမ်းပါးသွားခဲ့၏။ သူမကို ကြီးတော်အပျိုကြီးတစ်ယောက်က မွေးစားစောင့်ရှောက်ခဲ့ရသည်။ ရန်ကင်းမှာ တိုက်ခန်းတစ်ခန်းရှိသည်မှအပ သူမတို့မှာ တခြားထည်ထည်ဝါဝါပြသရန် ပိုင်ဆိုင်မှု တစ်ခုမှမရှိပေ။ ဆည်းဆာ၏ကြီးတော်အပျိုကြီးသည် အလယ်တန်းပြ ဆရာမတစ်ဦး။ စနေ၊ တနင်္ဂနွေရက်များတွင် အိမ်တွင် ကျူရှင်ပြသည်။ နောက် . . . သူမ စိတ်ချယုံကြည်ရသော မိတ်ဆွေတချို့ကို ငွေတိုးချေး၊ အပေါင်ခံ လုပ်သည်။

သို့သော် လွန်ခဲ့သော ခြောက်လခန့်လောက်ကစပြီး သူမမှာ လူကြီးရောဂါလက္ခဏာများ စတင်ပြသလာ၏။ ဆည်းဆာက ကြီးတော်ကို ကျောင်းဆရာမအလုပ်မှ အနားယူစေသည်။ ကျူရှင်တွေကိုလည်း ဖြုတ်ပစ်လိုက်သည်။ သူမှာ ကြီးတော်၏

www.burmeseclassic.com



ငွေတိုးချေး၊ အပေါင်ခံလုပ်ငန်းကို ဆက်ခံလိုက်သည်။ ဝင်ငွေလျော့နည်းမှုမှာ ဘာမှမသိသာသော်လည်း ကြီးတော်ကြီးက အလုပ်မရှိ၍ ပျင်းသည်ဟု အကြောင်းပြကာ ဆည်းဆာကို ခရီးထွက်ချင်ကြောင်း ပြော၏။ စစ်ကိုင်းမှ သူမ၏ညီမဝမ်းကွဲ တစ်ယောက်ဆီ အတင်းလိုက်ပို့ခိုင်းသည်။ နောက်ဆုံးတော့ ဆည်းဆာမှာ ကြီးတော်၏ဆန္ဒကို ခေါင်းညိတ်လိုက်ရ၏။

ချစ်သူနေမင်းကိုပဲ အကူအညီတောင်းကာ စစ်ကိုင်းသို့ ပို့ခိုင်းလိုက်သည်။ သူမကတော့ စာမေးပွဲကြောင့် တစ်နှစ်လုံး ပေါ့လျော့ခဲ့သမျှ ကျောင်းစာတွေကို အသေပြန်လုပ်နေရ၏။ ကြီးတော်သည် တစ်ပတ်ခန့်ဆိုသော်လည်း တစ်လကြာသည် အထိ ပြန်မရောက်လာသဖြင့် စစ်ကိုင်းသို့ ဆက်သွယ်ကြည့်သော အခါ စစ်ကိုင်းချောင်မှာ သီလရှင်ဝတ်သွားသည်ဟု အကြောင်း ပြန်လာသည်။ သူမမှာ တစ်ယောက်တည်း ထားရစ်ခဲ့ရက်သော

www.burmeseclassic.com

www.burmeseclassic.com



ကြီးတော်လုပ်သူကြောင့် ငိုရလေသည်။

ဆည်းဆာတို့ စာမေးပွဲပြီးချိန် ကျောင်းပိတ်ရက်များမှာ သူမတို့ချစ်သူနှစ်ဦး စစ်ကိုင်းသို့လိုက်သွားကာ ကြီးတော်ကို ပြန်ခေါ်ရန် ကြိုးစားကြသေးသည်။ ကြီးတော်က ခိုင်မာစွာ ဆုံးဖြတ်ပြီးသွားပြီဟု ဆိုသောကြောင့် သူတို့လက်လျှော့ခဲ့ကြ ရလေ၏။

ဝမ်းနည်းနေသော ဆည်းဆာကို နေမင်းက နှစ်သိမ့်ကာ ရန်ကုန်သို့ ပြန်ခေါ်လာခဲ့ရသည်။ သူမမှာ အခုတော့ အားကိုးတွယ်တာစရာ နေမင်းတစ်ယောက်သာ ရှိတော့သည်။ ဆည်းဆာတစ်ယောက်တည်းနေသော တိုက်ခန်းမှာ ရုံဖန်ရံခါ နေမင်းက ညအိပ်သည်အထိ သူတို့နှစ်ယောက်၏ ချစ်ခရီးက အဆင့်တက်လာသည်။

ထိုအချိန်မှာပင် ကမ္ဘာလောကကြီး၏ မထင်မှတ်သော

www.burmeseclassic.com

www.burmeseclassic.com



အံ့ဩစရာ အလှည့်အပြောင်းများကို နေမင်း ဆက်တိုက်ရင်ဆိုင်လိုက်ရသည်။ ပထမဦးစွာ မေမေဆုံးသည်။ မေမေ့အတွက် ပူဆွေး၍မှ မျက်ရည်မခြောက်သေးခင် ဖေဖေက ခပ်ပေါ့ပေါ့ မင်းသမီးငယ်တစ်ယောက်ကို ခိုးပြေးသွား၏။ ထိုမိထွေးအမျိုးသမီးငယ်မှာ အစ်မဖြစ်သူနှင့် ရုပ်ရှင်နယ်ပယ်မှာ ပြိုင်ဘက်တွေမို့ ဖေဖေနဲ့ အစ်မ၏ပဋိပက္ခမှာ ကြီးကျယ်သွားခဲ့သည်။ မေမေပိုင်ဆိုင်သော စိန်ထည်အတွင်းပစ္စည်းများကြောင့် သူတို့မောင်နှမက တစ်ဖက်၊ ဖေဖေက တစ်ဖက် တရားဆိုင်ကြရ၏။

ဖေဖေသည် သူ့မိန်းမ၏ ဩဇာကို မလွန်ဆန်နိုင်ဘဲ ဘယ်သူ့မျက်နှာကိုမှ မထောက်တော့။ မေမေက မောင်နှမနှစ်ယောက်အတွက် ထားရစ်ခဲ့သော စိန်ထည်များကို ဖေဖေသည် သူ့မိန်းမအတွက် အရှက်သိက္ခာမဲ့စွာ တရားရုံးတို့ သွားခဲ့၏။ သူတို့မိသားစု၏ အကွဲအပြဲသတင်းများကို ဂျာနယ်၊ မဂ္ဂဇင်း

www.burmeseclassic.com

www.burmeseclassic.com



များက အလုအယက် ဖော်ပြသဖြင့် သိက္ခာကျစရာဖြစ်ခဲ့၏။

ထိုသို့ တရားဆိုင်နေစဉ်ကာလအတွင်း ဖေဖေဦးနှောက်သွေးကြောပြတ်ကာ ရုတ်တရက် ကွယ်လွန်သွား၏။ ဖေဖေမရှိတော့သည့်နောက်တွင် သူတို့မောင်နှမက အမွေကို အလိုလို အနိုင်ရသွားခဲ့သည်။

ကံကြမ္မာဆိုးသည် ဒီလောက်နှင့် ရပ်မသွားခဲ့ဘဲ တစ်လခန့်အတွင်း သူတို့မောင်နှမကို အကြီးအကျယ် ထိုးနှက်ပြန်သည်။ ရှို့မီးဟုယူဆရသော မီးလောင်မှုတစ်ခု သူတို့အိမ်မှာ ဖြစ်ပွားသည်။ အစ်မသည် မီးလောင်ဒဏ်ရာများနှင့် ဦးခေါင်းမှာ ပြင်းထန်စွာ ဒဏ်ရာရသွား၏။ အခြေအနေက တော်တော်ဆိုးသည်။ အသက်ကို အသည်းအသန် ကုသလိုက်ရသောကြောင့် ကျန်းသမျှစည်းစိမ်လည်း ကုန်လုနီးပါး ဖြစ်ခဲ့၏။

နောက်ဆုံးမှာ လူက ပြန်ကောင်းလာခဲ့သော်လည်း

www.burmeseclassic.com

www.burmeseclassic.com



မှတ်ဉာဏ်တွေက ပုံမှန်အလုပ်မလုပ်တော့။ ထိုအခါ စိတ်ကျန်းမာရေးဆေးရုံမှာ သူမကို ထားရတော့၏။ နေမင်းသည် ရုတ်တရက် အဖြစ်အပျက်များစွာမှာ စိတ်ကျရောဂါ စွဲကပ်စပြုလာ၏။

ချစ်သူဆည်းဆာက တစ်လျှောက်လုံး သူ့ဘေးမှာ အားပေးဖော်အဖြစ် သစ္စာရှိရှိရပ်တည်ခဲ့ပါသည်။ သူမ၏ ဝတ္ထုတိုနှင့် ကဗျာများသည်လည်း မြန်မာစာပေလောကမှာ ထင်ရှားလာခဲ့၏။ ဘာစည်းစိမ်ဉစ္စာမှ မကျန်တော့သော နေမင်းသည် အရက်ကိုသာ အဖော်ပြုနေတော့၏။ ဆည်းဆာသည် ချစ်သူကို မထားမြစ်ရက်သဖြင့် ဒီအတိုင်းကြည့်နေခဲ့ရသည်။ မြန်မာ့လက်ရွေးစင်အသင်းအတွက် အလားအလာကောင်းသည့် မျိုးဆက်သစ်ဘောလုံးသမားတစ်ဦးအဖြစ် နေမင်းကို မျှော်လင့်ခဲ့ကြသူများလည်း ခေါင်းရမ်း၍ လက်လျှော့သွားကြ၏။ နေမင်းသည် အားတ

www.burmeseclassic.com



သမားတစ်ဦးဘဝမှ အရက်၏ကျေးကျွန်တစ်ဦး ဖြစ်လာသည်။

လူတိုင်းက လေးစားအားကျရသော အောင်မြင်ကြွယ်ဝသည့် မိသားစုတစ်စု၏နိဂုံးကို လူတွေက စုတ်တသတ်သတ်နှင့် သံဝေဂရစရာ၊ သင်ခန်းစာယူစရာအဖြစ် ပြောနေကြသည်ကို ဆည်းဆာက သိပ်မခံချင်။ ချစ်သူနေမင်းကို ယောကျာ်းတစ်ယောက်၏ အရည်အချင်းဖြင့် ထိုရှုံးနိမ့်မှုများမှ ပြန်လည်ထူမတ်လာစေချင်ပါသည်။

နေမင်းတို့အိမ် မီးလောင်မှု၏ နောက်ဆက်တွဲအဖြစ် မိထွေးဖြစ်သူ မင်းသမီးငယ်မှာ အဖမ်းခံရ၏။ နာကြည်းစိတ်ကို အခြေခံထားသော ကလဲ့စားသည် ကြောက်စရာကောင်းလှသည်၊ အခုတော့ သူမအပြစ်ကို သူမခံစားသွားရလေပြီ။

ဆည်းဆာက နေမင်းကို ခြောက်လအတွင်း ပုံမှန်အနေအထားပြန်ရောက်အောင် ပြုပြင်နိုင်ခဲ့၏။ သို့သော်လည်း နှာရင်

www.burmeseclassic.com

www.burmeseclassic.com



လို အားကစားသမားတစ်ဦး၏ စွမ်းရည်တွေကိုတော့ အဆုံးရှုံးခံလိုက်ရပါသည်။ နေမင်းသည် ကိုယ့်ကိုယ်ကို ထူထောင်ရေးကို ပြင်းပြင်းထန်ထန် စတင်တော့သည်။ လက်ကျန်ခြံကွက်နှင့် မန္တလေးမှအိမ်ကိုရောင်းပြီး စီးပွားရေးလောကထဲ ခြေစုံပစ်ဝင်လိုက်၏။ မကြာမီပင် သူသည် ကားရောင်းဝယ်ရေးလောကမှာ ဖျံတစ်ကောင်ဖြစ်လာသည်။ နေမင်းဆိုလျှင် ကားလောကမှာ လူတွေက ရှိန်ကြရ၏။ သူသည် တစ်နှစ်အတွင်း စီးပွားရေးအခြေအနေ ခိုင်မာလာပြန်သည်။

သူ့ဘဝ ဒီလောက်ပြန်ဖြစ်ရတာ ဆည်းဆာ၏ အမြင်ကျယ်မှုက အရေးပါသော အခန်းကဏ္ဍမှ ပါဝင်သည်ဟု သူသဘောပေါက်ထားသည်။ သူတို့နှစ်ယောက်သည် တစ်ယောက်ဘဝထဲတစ်ယောက် ခုန်ချမိခဲ့ကြပြီ။ တစ်ယောက်ကိုတစ်ယောက် မျှော်လင့်ချက်ကြီးစွာ ချစ်မြတ်နိုးမိကြ၏။ တစ်ကောင်ကြွက်ဘဝ

www.burmeseclassic.com

www.burmeseclassic.com



နှစ်ခုပေါင်းစပ်ဖို့ သူတို့သဘောတူညီခဲ့ကြလေတော့သည်။

ဒီတစ်ခါတော့ သူတို့နှစ်ယောက်သည် ယခင်ကထက် ပိုပြီးပြည့်စုံနွေးထွေးသော ပျော်ရွှင်မှုကို ပိုင်ဆိုင်ကြရ၏။ သူတို့သည် တစ်ခါတစ်ရံ စစ်ကိုင်းက ကြီးတော်ဆီ သွားတွေ့ကြသည်။ တစ်ခါတစ်ရံ စိတ်ကျန်းမာရေးဆေးရုံပေါ်မှ အစ်မဆီ သွားတွေ့ကြသည်။ အတိတ်က ဒဏ်ရာတွေဖြင့် အနာဂတ်အတွက် ပြင်ဆင်ကြရ၏။

သူတို့နှစ်ယောက်၏ လက်ထပ်ပွဲ အခမ်းအနားကို နှစ်ဖက်ဆွေမျိုး အသိုင်းအဝိုင်းမရှိသဖြင့် နေမင်းက ကြီးကြီးကျယ်ကျယ် မလုပ်ချင်. . .။ ဒါကို ဆည်းဆာက ပထမတော့ သဘောမတူချေ။ မိန်းကလေးတို့ သဘာဝအတိုင်း မင်္ဂလာဆောင်ကို ခမ်းနားစေချင်သည်။

ဒီလိုနှင့် သူတို့နှစ်ယောက် အခြေအတင် စကားပြောပြီး

www.burmeseclassic.com

www.burmeseclassic.com



တော်တော်လေး ညှိကြရသေး၏။နောက်တော့ ဆည်းဆာကပဲ အလျှော့ပေးကာ မင်္ဂလာပွဲကို အကျဉ်းချုံးစီစဉ်ကြပါသည်။ နေမင်း၏ စီးပွားရေးလောကမှ လူတချို့နှင့် ဆည်းဆာ၏ စာပေ အသိုင်းအဝိုင်းတချို့က သူတို့နှစ်ယောက်ရဲ့ လက်ထပ်မင်္ဂလာပွဲကို တက်ရောက်လာကြ၏။ အားလုံးသည် ပျော်ပျော်ရွှင်ရွှင် ကြည်ကြည်နူးနူးဖြင့် အောင်မြင်စွာ ပြီးဆုံးသွားခဲ့သည်။

ထိုည . . . မင်္ဂလာဦးည . . .။

ထူးဆန်းထွေလာ ရုပ်ရှင်ကားသည် အဲဒီညကျမှ တကယ့်ဘဝထဲသို့ အခြေချ ဝင်ရောက်လာခဲ့ခြင်းကြောင့် နေမင်းသည် အပြောင်းအလဲတစ်ခု ထပ်မံကြုံတွေ့ဖို့ ဖြစ်လာလေသည်။ မင်္ဂလာဦးညမို့ တစ်နေ့လုံး ပင်ပန်းထားသည့်တိုင်အောင် နှစ်ယောက်သား တော်တော်နှင့် မအိပ်နိုင်ကြ။ အောင်မြင်သည့် မိသားစုဘဝကို ထူထောင်ဖို့ အနာဂတ်အတွက် စီမံကိန်းတွေ

www.burmeseclassic.com

www.burmeseclassic.com



တစ်လှေကြီးနှင့် သူတို့အားတက်စွာ တိုင်ပင်ကျေနပ်နေခဲ့ကြ၏။ တဖြည်းဖြည်း ညဥ့်နက်လာတော့ တစ်နေကုန် လှုပ်ရှားထားရသည့်ဒဏ်ဖြင့် နှစ်ယောက်စလုံး နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားကြလေသည်။

မနက်မိုးလင်းလာတော့ နေမင်းတစ်ယောက်တည်းသာ အိမ်ရာမှ နိုးလာ၏။ သူသည် ဆည်းဆာကို ရေချိုးခန်းမှာ၊ ဧည့်ခန်းမှာ၊ မီးဖိုချောင်မှာ တစ်အိမ်လုံးအနှံ့ လိုက်ရှာသည်။ မတွေ့. . . . နေမင်း၏ သတို့သမီးအသစ်စက်စက်သည် မင်္ဂလာဦးည မှာ ဘယ်ကိုပျောက်သွားရသနည်း။ နေမင်းသည် ဆည်းဆာ၏အသိမိတ်ဆွေများကို ဖုန်းဆက်စုံစမ်းကြည့်သည်။ အားလုံးက "မလာဘူး" ဟု တညီတညွတ်တည်း အဖြေပေး၏။

တစ်ရက်၊ နှစ်ရက်မှ တစ်လအထိ ကြာသွားသည်။ ဘာမှထူးခြားမလာခဲ့။ နေမင်းသည် လုံး၀ စဥ်းစားမရသော

www.burmeseclassic.com

www.burmeseclassic.com



ပုစ္ဆာတစ်ပုဒ်ကဲ့သို့ ခေါင်းမီးတောက်အောင် ဆည်းဆာကို လိုက်ရှာခဲ့ပါသည်။ အသိမိတ်ဆွေ၊ အပေါင်းအသင်းများ အားလုံးကလည်း အံ့သြတကြီးဖြစ်လျက်ရှိ၏။ "ရန်ဖြစ်သွား သေးလား၊ စိတ်ကောက်ပြီး အိမ်က ဆင်းသွားတာ ဖြစ်မှာပေါ့" ဟူသော မေးခွန်းနှင့် မှတ်ချက်များကို နေမင်းက ငြင်းဆန်သည်။ ဘာဆို ဘာပြဿနာမှ သူတို့နှစ်ယောက်ကြားမှာ မရှိခဲ့တာ နေမင်း အသိဆုံးသာဖြစ်၏။ ဆည်းဆာ၏ ကြီးတော်ရှိသော စစ်ကိုင်းချောင်ကို နေမင်းလိုက်သွားတော့လည်း မရှိချေ။ ဘာသာတရားမှာ မွေ့လျော်နေသော ကြီးတော်အား စိတ်မပူ စေရန် ဆည်းဆာစိတ်ဆိုးသွားတာဟုလိမ်ကာ နေမင်းပြန်လာ ခဲ့သည်။

အချိန်တွေက တလွင့်လွင့် ကုန်ဆုံးသွား၏။ ဆည်းဆာ ၏သတင်းအစအနလေးပင် မရခဲ့။ နေမင်းစိတ်တွေ လေလာ၏။

www.burmeseclassic.com

www.burmeseclassic.com



အလုပ်ကိုလည်း သူဂရုမစိုက်တော့။ စီပွားရေးလည်း ပြန်လည်ယိုယွင်းလာခဲ့သည်။ အရက်တွေကိုသာ ဖိသောက်နေသဖြင့် ကျန်းမာရေးကိုပါ ထိခိုက်လာတော့သည်။ သူ့အိမ်မှာ ဆွေမျိုးနီးစပ်သော ဦးလေးမိသားစုက လာနေပေးပြီး သူ့ကို ထိန်းသိမ်းပေးသော်လည်း မထူးခြားပေ။

သူ့ဘဝထဲမှ ရုတ်တရက် ပျောက်ဆုံးသွားသော ဆည်းဆာကိုသာ နေမင်းက အချိန်ပြည့်တမ်းတနေခဲ့၏။ သူသည် အိမ်မက်တွေ ဆက်တိုက်မက်သည်။ ဆည်းဆာသည် ပင်လယ်ထဲတွင် အသက်ရှင်နေဆဲဟု သူ့အိမ်မက်များက ညွှန်ပြနေ၏။ ဆည်းဆာသည် နေမင်းထံမှသာ ထွက်ခွာသွားခဲ့သည်မဟုတ်၊ မြန်မာစာပေလောကထဲမှ အမှတ်တမဲ့ ပျောက်ကွယ်သွားသော စာရေးဆရာမ၊ ကဗျာဆရာမတစ်ယောက်အဖြစ်လည်း မှတ်တမ်းဝင်ခဲ့လေသည်။ နေမင်း၏မိသားစုနှင့် ချစ်သူ

www.burmeseclassic.com

www.burmeseclassic.com



အကြောင်းသည် လူတွေကြားမှာ ဒဏ္ဍာရီပုံပြင်တစ်ပုဒ်လို ရေပန်းစားနေခဲ့တော့၏။ သူက ပုံပြင်ထဲတွင် ဇာတ်လိုက်လုပ်ရတာ ငြီးငွေ့လာဟန်တူသည်။

နောက်ဆုံးမှာ သူတစ်ယောက်တည်း မြန်မာပြည်တောင်ဘက်အစွန်ဆုံးအရပ်ကို ထွက်ခွာသွားခဲ့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

( ၃)

သူသည် အတိတ်စာမျက်နှာများကို ဖြစ်နိုင်ရင် မေ့ထားပစ်ချင်သည်။ သို့သော် အမှတ်တရဒဏ်ရာဆိုတာ ဒီလိုအလွယ်တကူ ပျောက်ပျယ်မသွားကြောင်း သူကောင်းကောင်းနားလည်ပါ၏။ သူ့အတွက် ဘာသဲလွန်စမှ မထားခဲ့သော ဆည်းဆာတိုပင်လယ်ထဲမှာရှာရန် ဒီသင်္ဘောပေါ်မှာ အလုပ်ဝင်လုပ်ခဲ့ခြင်းဖြစ်သည်။

သင်္ဘောဝမ်းထဲမှာ သူ အိပ်စက်နားနိုင်ဖို့ အခန်းတစ်ခန်း

www.burmeseclassic.com

www.burmeseclassic.com



ကျဉ်းလေး တစ်ခန်းရှိ၏။ သူ့အခန်းသည် အနည်းငယ် ခြောက်သွေ့မှောင်ရီလျက် ရှိပါသည်။

သူက ဒိုင်ယာရီတစ်အုပ်မှာ ဟိုရေးဒီရေးနှင့် အလုပ်ရှုပ်နေ၏။ နောက် . . . . လိုက်ကာငယ်ကိုဖယ်ပြီး ပင်လယ်ဆီသို့ တစ်ချက်ကြည့်လိုက်သည်။ သူသည် ဘောလ်ပင်ကိုလှည့်၍ ကစားနေပြီးမှ စောစောကလို ပင်လယ်ဆီ ထပ်ကြည့်လိုက်ပြန် ၏။ နေဝင်တော့မည်။

ညနေခင်း၏ နေရောင်အကြွင်းအကျန်များက အခန်း ထဲသို့ဝင်ဖို့ ချောင်းမြောင်းနေကာ သူက တစ်ခုခုရေးသားရန် ပျင်းရိနေမိသည်။ (အထူးသဖြင့် မတော်တဆ အမှန်တရား အကြောင်းရေးရန် ပျင်းရိနေခြင်းဖြစ်၏။)

သူသည် လိုက်ကာကိုရော ပြတင်းတံခါးကိုပါ တွန်းဖွင့် လိုက်၏။ အလင်းများက အခန်းထဲသို့ ရုတ်ခနဲ ပြေးဝင်လာကြ

www.burmeseclassic.com

www.burmeseclassic.com



သည်။ ကောင်းကင်ကို မော့ကြည့်လိုက်တော့ တိမ်တွေက စွဲလမ်းစရာကောင်းလောက်အောင် အုပ်စုဖွဲ့ရွေ့လျားနေကြတာ တွေ့ရ၏။ ဘာအဓိပ္ပာယ်မှမရှိဘဲ သူမဲ့လိုက်မိသွားသည်။ သူက ထိုသို့အကြောင်းကြောင်း အပြုအမူတွေကို မတော်တဆ လုပ်မိတတ်သူ ဖြစ်ပါသည်။

"ကိုသူရိန်"

ရုတ်တရက်ခေါ်သံကြောင့် သူလန့်သွား၏။ ဒါ ကိုညို အသံပဲ . . .။

"ဝင်ခဲ့လေ . . ."

သူ ခွင့်ပေးလိုက်တော့ ကိုညိုက စေ့ထားသော တံခါးရွက်ကိုတွန်းကာ ဝင်လာ၏။ ထို့နောက် ကျယ်ပြန့်သော ပါးစပ်ကြီးကိုပိတ်၍ ကိုညိုက သူ့ကို ပြုံးပြသည်။

"ဆို . . . . ဘာကိစ္စလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ကိစ္စတော့ မရှိပါဘူးဗျာ၊ဒီလိုပဲ စကားပြောဖော်မရှိလို့ပါ"

"ဪ . . . ကိုညိုက ကျွန်တော့်ကို ဘာစကားတွေများ ပြောချင်လို့လဲ"

"ကိုသူရိန်ကို ကျွန်တော်က မေးချင်တာဗျ"

"ဟုတ်လား၊ ကိုညိုက ဘာတွေများ မေးချင်နေပါလိမ့်"

သူ့စကားကြောင့် ကိုညိုက အားတက်သွား၏။ နောက် . . . အနည်းငယ် စဉ်းစားဟန်ပြုပြန်သည်။ သူက ကိုညိုကိုသာ စူးစိုက်၍ ကြည့်နေမိသည်။

"ကိုသူရိန်ဘဝအကြောင်းကို ကျွန်တော် စိတ်ဝင်စားလို့ပါ။ ကျွန်တော် ဟိုတလောတုန်းက သူဌေးဆီမှာ ကိုသူရိန်ရဲ့ မှတ်ပုံတင်မိတ္တူကို အမှတ်တမဲ့ တွေ့လိုက်တယ်။ ခင်ဗျားလိပ်စာက ရန်ကုန်မြို့ရဲ့ သူဌေးရပ်ကွက်တစ်ခုပဲ။ ဒီတော့ဗျာ . . .

www.burmeseclassic.com

www.burmeseclassic.com



ရှင်းရှင်းပြောရရင် ကိုသူရိန်က ကျွန်တော်တို့လိုမျိုး စားဝတ်နေရေးအတွက် ဒီသင်္ဘောပေါ်မှာ အလုပ်လုပ်နေတာ မဖြစ်နိုင်ဘူးလို့ တွေးမိလို့ပါ။ ဘယ်လိုလဲဗျ . . . ကျွန်တော့်အထင်မှန်ရဲ့လား"

သူက ကိုညို့စကားကို မျက်မှောင်ကုတ်ကာ နားထောင်နေ၏။ ကိုညိုက သူ့မေးခွန်းမှားသွားပြီးလားဟု စိုးရိမ်နေမိသည်။ ခဏကြာတော့မှ သူ့မျက်နှာက ရယ်ပြုံးစပြုလာ၏။ ဒီတော့မှ ကိုညိုလည်း သက်ပြင်းချနိုင်သည်။ သူက စကားစပြောပါသည်။

"ကျွန်တော့်ဘဝက တခြားသာမန်လူတွေထက်တော့ အပြောင်းအလဲတွေ၊ အတက်အကျတွေ အရမ်းမြန်ဆန်ခဲ့တာ အမှန်ပဲ။ ခင်ဗျားစိတ်တော့မရှိနဲ့ ကိုညိုရာ။ ကျွန်တော်က အတိတ်ကို ပြန်တူးဆွရမှာ အရမ်းဝန်လေးနေလို့ အခုတော့ မပြောချင်သေးဘူး။ ဒါပေမယ့် တစ်နေ့နေ့ပေါ့ဗျာ၊ ဒီသင်္ဘောပေါ်မှာ

www.burmeseclassic.com



ကျွန်တော့်အကြောင်းတွေ ပြောပြခိုင်းတာ ခင်ဗျားက ပထမဦးဆုံးပဲ။ ကျွန်တော်ပြောချင်လာတဲ့ ကိုညိုကို အရင်ဆုံးအကြောင်းကြားလိုက်ပါ့မယ်။ ခင်ဗျားခန့်မှန်းသလို ကျွန်တော်ဟာ စားဝတ်နေရေးသက်သက်နဲ့ ဒီသင်္ဘောပေါ်မှာ အလုပ်ဝင်လုပ်နေတာ မဟုတ်ဘူး ဆိုတာကိုတော့ ဝန်ခံပါတယ်"

ကိုညိုသည် အံ့ဩနေသောအမူအရာဖြင့် သူ့ကို မေးမိပြန်သည်။

"ကိုသူရိန်က ဒါဆို ဒီသင်္ဘောပေါ်မှာ အလုပ်လုပ်နေတာ တခြားရည်ရွယ်ချက်တစ်ခုများ ရှိသေးလို့လား"

"ရှိတယ်"

သူက သံပြတ်ဖြင့် အဖြေပေး၏။ ကိုညိုသည် သူ့စိတ်ဝင်စားမှုကို လုံးဝဟန်မဆောင်နိုင်ဘဲ ထပ်မေးလိုက်ပြန်သည်။

"ဘာများလဲ ကိုသူရိန် . . ."

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် လူတစ်ယောက်ကို လိုက်ရှာနေတာပါ"

"ဟာ . . . ဒီသင်္ဘောပေါ်မှာ ပါသမျှ လူအားလုံးကို ခင်ဗျားသိနေတာပဲဗျာ။ ကိုသူရိန်က ဘယ်လို လိုက်ရှာနေတာလဲ။ ခင်ဗျားရှာနေတဲ့လူက ဘယ်မှာလဲ"

"တွေ့တော့ မတွေ့သေးဘူး။ သူက ပင်လယ်မှာ ရှိတယ်"

"ပင်လယ်ထဲမှာ လူတစ်ယောက်ဟာ ဘယ်လိုနည်းနဲ့ အကြာကြီး အသက်ရှင်နိုင်ပါ့မလဲဗျာ။ ပြီးတော့ ခင်ဗျားဟာက သေချာလို့လား၊ ဘယ်သူကပြောတာလဲ။ အဲဒီလူ ပင်လယ်ထဲမှာ ရှိတယ်ဆိုတာ. . ."

"ကျွန်တော့် အိမ်မက်ထဲမှာ အဲဒီလူဟာ ဒီပင်လယ်ထဲမှာ ရှိတယ်လို့ ခိုင်ခိုင်လုံလုံကို ပါတာဗျ"

"ဗျာ . . ."

www.burmeseclassic.com

www.burmeseclassic.com



ကိုညို၏ အာမေဍိတ်သံနှင့် ကိုသူရိန် (ခေါ်)နေမင်း၏ ဥပေက္ခာတရားသည် ထပ်တူကျလျက် ရှိပါသည်။ ကိုညိုသည် ဘာမှထပ်မမေးတော့ဘဲ သူ့ကိုနှုတ်ဆက်ကာ ခေါင်းတရမ်းရမ်းနှင့် ထွက်ခွာသွားခဲ့၏။ စိတ်ထဲမှာလည်း "ဒီသူဟာ ပုံမှန် မဟုတ်ဘူးလို့ တခြားလူတွေက ဒါကြောင့်ပြောနေကြတာကိုး" ဟု တွေးနေမိ၏။

သူရိန်ကတော့ သူ့ဒိုင်ယာရီထဲမှ ဆည်းဆာ၏ ဓာတ်ပုံဟောင်းလေးကို ထုတ်ကြည့်ရင်း အခန်းထဲမှာ ကျန်ရစ်ခဲ့သည်။ လူ့ဘဝသည် ဒီလိုတစ်စုံတစ်ရာအပေါ် အစွဲအလမ်းကြီးနေရုံဖြင့်လည်း အရသာရှိနေတတ်ပါသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

( ၄ )

ညသည် တစ်ခြမ်းပဲ့ လရောင်အောက်မှာ လဲ့ဖြာနေ၏။ ရေလှိုင်းများသည် ခပ်လှမ်းလှမ်းသို့ တလိမ့်လိမ့် ဝေးကွာသွားတာကို သူငေးကြည့်နေခဲ့သည်။ ကျောက်ချထားသော သင်္ဘောသည် လှိုင်းအရှိန်ဖြင့် မသိမသာ လှုပ်ရှားယိမ်းထိုးနေ၏။ သူက အခန်းထဲမှ သင်္ဘောထိပ်ဦးဆီကို ထွက်လာသည်။

သင်္ဘောသားများမှာ ညဦးပိုင်းတုန်းက ပိုက်ဆွဲထားရသောကြောင့် ပင်ပန်းနွမ်းနယ်ကာ တုံးလုံးပက်လက်နှင့် အိပ်

www.burmeseclassic.com

www.burmeseclassic.com



သလို နှစ်ခြိုက်စွာ အိပ်ပျော်နေကြသည်။ သူက ထိုအိပ်မောကျနေသူများကို ရှောင်ကွင်း၍ ကုန်းပတ်ပေါ်သို့ လျှောက်လာခဲ့၏။ သူရုတ်တရက် သင်္ဘောထိပ်ဦးရှိ ထိုင်နေကျ နေရာလေးဆီသို့ လှမ်းကြည့်လိုက်မိသည်။

"ဟင် . . ."

သူမြင်နေရသည်မှာ အဖြူလွလွဝတ်စုံနှင့် အမျိုးသမီးတစ်ယောက်. . .။ ဒီသင်္ဘောပေါ်မှ အမျိုးသမီးတစ်ယောက်မှ မပါတာ သူသတိရသွား၏ တစ်ချိန်တည်းမှာပင် ထိုအမျိုးသမီးကို ဆည်းဆာဟု သူထင်မှတ်လာသည်။ သူရိန်မှာ စိတ်ရောဂါတစ်မျိုးစွဲကပ်နေတာ တစ်နှစ်ခန့်ရှိပြီ။ သူခံစားနေရသော စိတ်ရောဂါဝေဒနာ ဆိုးရွားပြင်းထန်လာချိန်များတွင် ဒီလိုပဲ သူမျက်စိ ဤဏ်တွေက ထင်ချင်ရာ ထင်နေတတ်၏။ သူက တဖြည်းဖြည်း ထိုအမျိုးသမီးနားသို့ တိုးကပ်သွားပါသည်။ အမျိုးသမီးက သူ့

www.burmeseclassic.com

www.burmeseclassic.com



ဘက်ကို လှည့်လိုက်၏။ အို. . . ဆည်းဆာပါလား။ သူမယုံသဖြင့် မျက်လုံးများကို ပွတ်ကြည့်ရသေးသည်။ တကယ့်ကို ဆည်းဆာမှ ဆည်းဆာအစစ်။ သူမက သူ့ကို ပြုံးပြလိုက်၏။ နောက် . . . သူ့ကို သူမက လှမ်းနှုတ်ဆက်ပါသည်။

"မောင် . . . နေကောင်းတယ်နော်"

ဒါ ဆည်းဆာဆိုတာ အလွန်သေချာသွားပြီ။ သူ့ကို 'မောင်'ဟုခေါ်သော မိန်းမသည် ဒီကမ္ဘာကြီးထဲမှာ ဆည်းဆာ တစ်ယောက်တည်းသာ ရှိ၏။ သူက ယောင်ရမ်းပြီး သူမကို ခေါင်းညိတ်ပြလိုက်ပါသည်။ သူမက မေးခွန်းတစ်ခု ထပ်မေးသည်။

"မောင့်ကို ဒီပင်လယ်ထဲ လိုက်လာဖို့ အိပ်မက်တွေ ခိုင်းလိုက်တာ ရောက်တယ်မဟုတ်လားဟင်"

"ရောက်ပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဒါနဲ့မျှား မောင်ရယ် . . . ရရချင်းလာခဲ့တာ မဟုတ်ဘူး"

"မောင်လည်း အမြန်ဆုံးနည်းနဲ့ လာခဲ့တာပဲ။ အခု ပင်လယ်ထဲမှာ ဒီသဘော်နဲ့ အလုပ်ဝင်ပြီး ဆည်းဆာကို လိုက်ရှာနေတာပဲ ခြောက်လတောင် ရှိနေပြီ"

ဆည်းဆာက သူ့စကားကြောင့် တိုးသွဲ့ငြိမ့်ညောင်းစွာ ရယ်မောလိုက်၏။ ပင်လယ်သည် လရောင်၏ဖြားယောင်းမှုအောက်မှာ မာယာတွေကို မေ့လျော့နေလေသည်။ မဂ်လာဦးညကတည်းက ပျောက်သွားခဲ့သော သတို့သမီးတစ်ယောက်သည် ကပ္ပလီပင်လယ်ထဲမှ ပြန်၍ပေါ်ထွက်လာခဲ့ပြီ။ အိပ်မက်ဆန်သည့် အခိုးအငွေ့များက သူတို့အနီးတဝိုက်မှာ လွင့်ဝဲနေကြသည်။

သူက သူမကို မေးလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"ဆည်းဆာက မောင့်ကို ထားခဲ့ပြီး ဘယ်ကိုထွက်သွားရတာလဲ"

"ဟုတ်တယ် မောင်ရဲ့၊ ဆည်းဆာက လူတွေရဲ့ ချွေးနံ့ကို မခံနိုင်တော့လို့၊ နောက်ပြီးတော့ မြေကြီးပေါ်မှာ မနေချင်တော့ဘူးလေ။ အဲဒါကြောင့် ပင်လယ်ထဲမှာ လာနေတာ။ ပထမက မောင်လည်း ပါလာတယ်ပေါ့။ ဒီရောက်မှ မောင်ကျန်ခဲ့မှန်း ဆည်းဆာက သိရပြီး အိပ်မက်တွေကို လှမ်းပို့ရတာ"

"ဆည်းဆာက မောင့်ကို သေချာမှ မခေါ်တာကိုးကွ။ ပြီးတော့ အရမ်းလောနေသလိုပဲ"

"မလောလို့ မရဘူးလေ မောင်ရဲ့။ အဲဒီတုန်းက နဂါးတွေရဲ့တိုင်းပြည်မှာ တံခါးပိတ်ခါနီးနေပြီ။ ဆည်းဆာတောင် (၁၃)စက္ကန့်လောက် ဦးသွားလို့"

"နဂါးပြည်ကို အဲဒီအချိန်က တံခါးပိတ်ဖို့ အမိန့်ထုတ်

www.burmeseclassic.com

www.burmeseclassic.com



တာ ဘယ်သူတုံး"

"လောကပါလ နတ်မင်းကြီးပေါ့"

"ပြြော် . . . ဒါကြောင့်ကိုး၊ ဆည်းဆာ အခုရော ပင်လယ်ထဲမှာ ကဗျာဇက်ဝတ္ထုတွေ ရေးဖြစ်သေးလား"

"ရေးတာပေါ့။ ဒါပေမဲ့ လူတွေဖတ်ဖို့တော့ မဟုတ်ဘူး"

"ဒါဖြင့် ဘယ်သူတွေ ဖတ်ဖို့လဲ"

"ပုဇွန်တွေ ရှိတယ်လေ။ သူတို့ ဖတ်ကြတာပေါ့"

"လူတွေနဲ့ ပုဇွန်တွေဖတ်ဖို့ရေးတာ ဘာကွာလဲ။ ဆိုလိုတာက စာရေးတဲ့အခါ အားထုတ်ပုံချင်း ကွာခြားချက်ကိုမေးတာ"

"ပုစွန်တွေက လူတွေလို တွေ့ကောက်တဲ့နည်းလမ်းတွေ မသိဘူး။ ယုတ္တိဗေဒ မတတ်ဘူး။ ဘာသာတရား မရှိဘူး။ စားဝတ်နေရေးပုံပြင်တွေကို ရုပ်ရှင်ရိုက်ပြီး ပိုက်ဆံမရှာကြဘူး။

www.burmeseclassic.com

www.burmeseclassic.com



သူတို့ခေါင်းထဲမှာ မစင်တွေကိုပဲ သိမ်းထားကြတယ်။ မောင် စဉ်းစားကြည့်ပေါ့။ သူတို့ဖတ်လို့ အရသာရှိအောင် စာရေးရတာ သိပ်ခက်တာပဲ”

“ဩော်. . .”

“မောင်ရော . . . ဘာတွေ လုပ်ဖြစ်သလဲ”

“မောင်က နေ့တိုင်း အရက်ကို ရှုပ်ရှုပ်ချွံချွံသောက်တယ်။ သေမင်းကိုချိန်းပြီး စစ်တုရင်ကစားတယ်။ အမှန်တရားကို အချိုအုပ်ပြီး ရောင်းစားတယ်။ ပြီးတော့. . . မတော်တဆတွေရဲ့ ကြီးကျယ်ခမ်းနားမှုအကြောင်း ဒိုင်ယာရီရေးထားတယ်”

“မောင်က အရမ်းတိုးတက်လာတာပဲ။ ဘောလုံးရော မကစားတော့ဘူးလား”

“ကစားပါတယ်။ ဒါပေမဲ့ အရင်လို ကပွဲလုံးမကစား

www.burmeseclassic.com

www.burmeseclassic.com



တော့ဘူး”

“ဒါဖြင့် . . . မောင်က အချိန်ပိုင်းပဲ ဝင်ကစားတာပေါ့”

“ဟင့်အင်း . . . ပွဲကစားချိန် မိနစ် (၉၀)အတွင်း လုံးဝ မကစားဘူး”

“ဟင် . . . ဘယ်လိုကြီးလဲ”

“ဒီလိုလေ . . . မောင်က အချိန်ပိုကျမှ ကစားတယ်။ အချိန်ပိုသီးသန့် ဘောလုံးကစားသမားပေါ့”

“အချိန်ပိုမပါတဲ့ ပွဲတွေဆိုရင်ရော”

“ဒါများ မကစားဘူးပေါ့”

နှစ်ယောက်သား ဘာကို သဘောကျမှန်းမသိဘဲ ရယ်လိုက်မိကြ၏။ လေက ခပ်ကြမ်းကြမ်း တိုက်ခတ်နေသဖြင့် ဆည်းဆာ၏ ဆံပင်ရှည်များနှင့် အဖြူရောင် ဝတ်စုံမှာ တဖျပ်ဖျပ် လွင့်ခတ်လျက်ရှိပါသည်။ လမင်းကပဲ နိမ့်ဆင်းလာသလား။

www.burmeseclassic.com

www.burmeseclassic.com



ပင်လယ်ရေမျက်နှာပြင်ကပဲ မြင့်တက်လာသလား။ ထိုနှစ်ခု၏ ကွာခြားချက်မှာ သိသိသာသာကြီး ကျဉ်းမြောင်းသွား၏။ သူမက လရောင်ကိုကြည့်ပြီး ခွဲခွာချိန်အား သိမြင်လိုက်သည်။

"မောင် . . . ဆည်းဆာသွားရတော့မယ်"

"အင်းပေါ့လေ . . . သွားပေါ့၊ ဘာတတ်နိုင်ပါမှာလဲ"

"ဒါဆိုရင် မောင်နဲ့ ဘယ်လိုပြန်တွေ့ကြမလဲဟင်"

"ဒီလိုလုပ် . . ."

"နေဦး၊ နေဦး. . မောင်မပြောနဲ့တော့။ လာမယ့် လပြည့်နေ့ကျရင် ည(၁၂) နာရီ တိတိမှာ မောင့်ကို ဆည်းဆာ လာခေါ်မယ်"

"လပြည့်နေ့ည (၁၂)နာရီ"

သူက ထိုသို့ရေရွတ်တော့ သူမက ခပ်စူးစူးတစ် ချက်ကြည့်ကာ ခေါင်းညိတ်ပြ၏။ ထို့နောက် ဆည်းဆာသည်

www.burmeseclassic.com

www.burmeseclassic.com



သဘော်ထိပ်ဦး၌ လှစ်ခနဲ ကိုယ်ကို တစ်ပတ်လှည့်ပြီး ကွယ်ပျောက်သွားတော့သည်။

သူသည် ရှည်လျားလှသော မျှော်လင့်ချက်ကြိုးတစ်ချောင်း၏အစကို ရရှိသွားခဲ့ပြီမို့ ပေါ့ပါးစွာ သက်ပြင်းချနိုင်ခဲ့လေပြီ။ ပင်လယ်ရေပြင်ကို ထိုနေ့က မိုးလင်းသည်အထိ သူငေးစိုက်ကြည့်နေခဲ့သည်။ နောက်တော့ သူပျော့ခွေကာ သတိလစ်၍ လဲကျသွားတော့၏။

* * *

www.burmeseclassic.com

www.burmeseclassic.com

( ၅ )

ကိုညိုက စိတ်ညစ်နေဟန်ဖြင့် ငါးပိုက်များ ရှုပ်ယှက်ခတ်နေသည့်ကြားမှာ ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်လျက်ရှိ၏။ ပဲ့နင်းအဘိုးကြီးနှင့် သင်္ဘောသားတချို့က သတိမေ့နေသော ကိုသူရိန်ကို တတ်သလောက် မှတ်သလောက် ပြုစုနေကြသည်။ နောက်တစ်ခေါက်ကျရင် သင်္ဘောပေါ်မှာ ဆေးမှူးတစ်ယောက် လောက်ခေါ်လာဖို့ သူ့ဌေးကို တင်ပြရမည်။

ဖိုးသားဆိုသော သင်္ဘောသားငယ်တစ်ဦး၏ ပြောကြား

www.burmeseclassic.com

www.burmeseclassic.com



ချက်အဲ့ရ ကိုသူရိန်သည် သဘော်ထိပ်ဦး၌ တစ္ဆေလိုလို၊ အရိပ်လိုလို၊ ရေသူမလိုလိုတစ်ယောက်နှင့် စကားတွေ ပြောနေကြသတဲ့။ အဲဒီဖိုးသားက သရဲကြောက်တတ်သူမို့ အပေါ်သွားပြီး အမြန်အိပ်ရာထဲ ပြန်ဝင်သွားတာကြောင့် အခြေအနေတွေကို ဘာမှဂဃနဏ မသိခဲ့ပေ။ သူက ကိုသူရိန်ကို တစ္ဆေ၊ သရဲတွေ မွေးမြူထားသည့် မကောင်းဆိုးဝါးကြီးဟုတွင်တွင် စွပ်စွဲနေလေသည်။

"ကဲ . . . ဖိုးသား တော်တော့ကွ။ ပါးစပ်ကိုပိတ်ပြီး ငြိမ်ငြိမ်နေစမ်း။ ဟိုမှာ သတိမရသေးလို့ စိတ်ပူနေရတဲ့အထဲ၊ မင်းကတစ်မျိုး . . ."

ကိုညိုက ဝင်ဟောက်တော့မှ ဖိုးသားဆိုသည့်ကောင်က ငြိမ်သွား၏။ ကိုညိုက ဖိုးသားပြောတာ ဟုတ်ချင်ဟုတ်နေမည်ဟု စဉ်းစားလိုက်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



ဟိုတစ်နေ့ကလည်း ကိုသူရိန်က ပင်လယ်ထဲမှာ လူလာရှာတယ်ဆိုလား၊ ဘာလား ကိုညို့ကို ပြောသွားခဲ့သေး၏။

"ဆရာညို . . . ကိုသူရိန် သတိရလာပြီ"

သတင်းလာပေးသော ထမင်းချက်လေးနှင့်အတူ ကိုညိုအားရဝမ်းသာ ပြေးလိုက်သွားခဲ့သည်။ ဟိုရောက်တော့ ကိုသူရိန်က တစ်ညလုံးသတိလစ်နေရာမှ သတိရလာသူ တစ်ယောက်နှင့်မတူဘဲ လန်းဆန်းတက်ကြွနေ၏။ သူ့ဘေးနားမှာ လူတွေအုံနေတာကိုလည်း နားမလည်သလို ဖြစ်နေပုံရသည်။ ကိုညိုကမေးလိုက်၏။

"ဘယ်လိုနေလဲ ကိုသူရိန် ၊ သတိရလာပြီလား "

"ကျွန်တော်က သတိလစ်နေတာမှ မဟုတ်တာဗျ၊ အိပ်နေတာ"

"အဲ. . . "

www.burmeseclassic.com

www.burmeseclassic.com



"ဟိုး . . ."

ကိုသူရိန်က တကယ်ပင် အိပ်ရေးဝဝအိပ်ပြီး နိုးထလာသူတစ်ဦးကဲ့သို့ လက်ကိုဆန့်ကာ အားရပါးရ သမ်းဝေလိုက်သေးသည်။ ပဲ့နင်းအဘိုးကြီးနှင့် ကိုညိုသည် တစ်ယောက်ကိုတစ်ယောက်ကြည့်ပြီး ခေါင်းယမ်းလိုက်မိကြ၏။ ကျန်သည့်လူများကလည်း မစဉ်းစားတတ်အောင် ဖြစ်နေကာ စိတ်ရှုပ်လျက်ရှိသည်။ တချို့က နားထင်ကို လက်ညှိုးဖြင့်ထောက်၍ လက်ခါပြကြပြီး သူ့ကို ကွယ်ရာမှာ ဂုဏ်ပြုကြပါသည်။ ကိုညိုက အခြေအနေကို ပုံမှန်ပြန်ဖြစ်အောင် ဖြေရှင်းလိုက်သည်။

"ကဲ . . . ဟော့ကောင်တွေ၊ မင်းတို့ ကိုသူရိန်ကို မမြင်ဖူးကြဘူးလား။ သွား. . . သွား. . . ကိုယ့်အလုပ်ကိုယ်လုပ်၊ ပိုက်ပြန်ချဖို့ ပြင်ထားကြ။ ငါးက ဒီတစ်ခေါက် သိပ်မရဘူး။ မနောတ်သုံးရက်အထိမှ ခန့်မှန်းထားသလောက် မရရင် ဗကာ့သောင်း

www.burmeseclassic.com

www.burmeseclassic.com



ပြန်မယ်"

ထိုအခါတွင်မှ သင်္ဘောသားများသည် ပိုက်ပြန်ချရန် သူ့အနားမှ ထွက်သွားကြ၏။ သူက တစ်စုံတစ်ရာကို စဉ်းစားမိသွားပြီး ကိုညိုစောစောက ပြောလိုက်သော "နောက်သုံးရက်ကျရင် ကော့သောင်းပြန်မယ်" ဆိုသည့် စကားအား နှုတ်ခမ်းလှုပ်ရုံမျှ ရေရွတ်နေလေသည်။ အခုတော့ သူ့အခန်းလေးထဲတွင် ကိုညိုတစ်ယောက်တည်းသာ ရှိတော့၏။

"ကိုညို"

"ဗျာ. ."

"လာမယ့် လပြည့်နေ့က ဘယ်လောက်လိုသေးလဲ"

ကိုညိုက အနည်းငယ်စဉ်းစားရင်း သူ့လက်ပတ်နာရီမှ ရက်စွဲကို ကြည့်လိုက်ပါသည်။ အင်္ဂလိပ်ရက်နှင့် မြန်မာရက် ကွာခြားပုံကို စိတ်ထဲမှ သူတွက်နေ၏။

www.burmeseclassic.com

www.burmeseclassic.com



"လပြည့်နေ့က နောက်သုံးရက် လိုသေးတယ် ကိုသူရိန် . . . ဘာဖြစ်လို့လဲ"

" ဪ . . . ဘာမှ မဖြစ်ပါဘူး။ ခင်ဗျားက နောက်သုံးရက်ကျရင် ကော့သောင်း ပြန်မယ်ဆိုလားလို့ပါ။ ကျွန်တော်က လပြည့်ညကို ပင်လယ်ထဲမှာ ရှိချင်တာ"

"ဒါက ငါးတွေ ခန့်မှန်းထားသလောက် မရမှပါ။ ရရင်တော့ ဆက်နေမှာပေါ့။ ကျွန်တော်ထင်တယ်။ သင်္ဘောကို ဆယ်မိုင်လောက် မြောက်ဘက်ရွှေ့လိုက်ရင် အိုကေလိမ့်မယ်ဗျ"

"ခင်ဗျားထင်တာ ဖြစ်နိုင်ပါတယ်"

ကိုသူရိန်ကပြောပြီးတစ်ဖက်သို့ မျက်နှာလွှဲပစ်လိုက်၏။ သင်္ဘောသားများက ငါးပိုက်များ၊ ကြိုးများနှင့် ရှုပ်ထွေးပင်ပန်းနေကြပါသည်။ ကိုညိုသည် သူ့အခန်းထဲမှ ထွက်လာခဲ့၏။ ကိုညို့မျက်လုံးများသည် နားမလည်နိုင်ခြင်း၏ အရိပ်အငွေ့များ

www.burmeseclassic.com

www.burmeseclassic.com



ယှက်သမ်းနေတော့သည်။

သို့သော် ကိုညိုက နားမလည်ခြင်းကို အဖြေမရှာခဲ့။ ဒီအတိုင်းသာ ထားလိုက်၏။ လူတစ်ယောက်က တခြားလူတစ်ယောက်အပေါ် အမိပ္ပါယ်ဖွင့်ဆိုခြင်းသည် ပျင်းရိစရာ ကောင်းလှပါသည်။

ကပ္ပလီပင်လယ်ထဲတွင် ငါးဖမ်းသင်္ဘောငယ်တစ်စီးက ညက်ညောသိမ့်မွေ့စွာ ရွေ့လျားသွားနေ၏။ နေမင်းသူရိန်ဆိုသော အတိတ်နှင့်ပစ္စုပ္ပန် မကွဲပြားသော လူတစ်ယောက်က အနာဂတ်ဆီသို့ ခပ်တည်တည် ရင်ခုန်လျက်ရှိ၏။

ပင်လယ်ထဲတွင် ပင်လယ်၏ဥပဒေကို လိုက်နာရန် အားလုံးမှာ တာဝန်ရှိကြပါသည်။ ပင်လယ်ရေပြင်တွင် သာမန်လူတစ်ဦးကဲ့သို့ ပြုမူ၍မရ။ အရာရာကို သတိရှိရမည်။ ကိုညိုသည် အရက်ကိုကြိုက်၍ သောက်သော်လည်း အလုပ်ကိုတော့ မလစ်ဟင်းရ

www.burmeseclassic.com

www.burmeseclassic.com



အောင် ဂရုစိုက်၏။ သူ့သင်္ဘောသားများကိုလည်း ထိရောက်စွာ ကြပ်မတ်နိုင်သည်။ ကိုသူရိန်ကိုယ်စား ကိုညိုက ငါးတန်ချိန်မှတ်ပြီး စာရင်းဇယားတွေကိုလည်း လုပ်ပေးထား၏။

အခုတော့ သူတို့သင်္ဘောသည် မြောက်ဘက်သို့ ဦးတည်ခုတ်မောင်းနေသည်။ ကိုသူရိန်က အိပ်မက်လိုလို၊ တကယ့်ဖြစ်ရပ်လိုလို ဆည်းဆာနှင့် တွေ့ဆုံခဲ့မှုကို စဉ်းစားရင်း ပျော်ရွှင်ကြည်နူးလေ၏။ တဖြည်းဖြည်းနှင့် သင်္ဘောသည် မြောက်ဘက်သို့ ဆယ်မိုင်ခန့် ရွေ့လျားလာခဲ့ပြီ။ ကိုသူရိန်သည် ကုန်းပတ်ပေါ်တက်လာကာ ပင်လယ်ရေပြင်ဆီ စူးစိုက်ကြည့်နေပြန်သည်။ သင်္ဘောက တဖြည်းဖြည်း နှေးသွားပါသည်။ ကိုညိုက ပဲ့နင်းအဘိုးကြီးကို လှမ်းမေးလိုက်၏။

"အဘ . . . ကျွန်တော်တို့ သင်္ဘောရွေ့လာတာ ဘယ်နှစ်မိုင်ရှိပြီလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဆယ်မိုင်ကျော်ပြီ"

ကိုညိုနှင့် ကိုသူရိန်တို့ အကြည့်ချင်းဆုံသွား၏။ ကိုညိုက မေးဆတ်ပြကာ သူ့ထံမှ သဘောထားတောင်းခံသည်။ သူက ချက်ချင်းဆုံးဖြတ်၍ အဖြေကို ပြော၏။

" မရပ်နဲ့ဦး အဘ . . . သွားဦး ၊ နောက်ထပ် သုံးမိုင်လောက်မှ ရပ်မယ်"

ပွဲနင်းအဘိုးကြီးက ကိုသူရိန်စကားကို ကန့်ကွက်ပါသည်။

" အဘ အတွေ့အကြုံအရ ပြောရရင် သဘော်ကို ဒီနေရာမှာပဲ ရပ်သင့်ပြီ။ နောက်ထပ် သုံးမိုင်ဆက်သွားရင် ငါးအုပ်ရှိနိုင်မယ် မထင်ဘူးကွ. . . "

ကိုညိုက သူတို့နှစ်ယောက်ကြားမှာ ဝင်ဆုံးဖြတ်ရန် ခက်ခဲနေ၏။ ကိုသူရိန်က ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



" အဘပြောတာ ဟုတ်ပါတယ်။ ဒါပေမဲ့ ငါးအုပ်က အခုအဲဒီနေရာမှာ မရှိသေးပေမဲ့ မနက်ဖြန်မနက်ဆို အဲဒီနေရာကို ရောက်နေပြီ"

"သေချာလှချည့်လား ကိုသူရိန်ရဲ့။ ဘယ်လိုသိတာလဲ"

ကိုညိုက ဒီတော့မှ ဝင်မေးပါသည်။

"ကျွန်တော့်စိတ်ထဲမှာ သိနေတာပါ"

ပဲ့နင်းကြီးက မျက်လုံးပြူးကာ သူ့ကို ကြည့်နေသည်။ ကိုညိုကတော့ ဘယ်သူ့ကိုမှ မကြည့်ဘဲ ခပ်တည်တည်ကြီး စဉ်းစားနေလေသည်။ ပြီးမှ . . .

"အဘ . . . ကိုသူရိန်ပြောတဲ့အတိုင်း နောက်ထပ်သုံးမိုင် ဆက်မောင်းဗျာ။ ကျွန်တော်တို့ စွန့်စားကြည့်ကြတာပေါ့"

ပဲ့နင်းကြီးသည် ဘာမှထပ်ပြီး စောဒက မတက်တော့ဘဲ "ကောင်းပါပြီဗျာ" ဟု တစ်ခွန်းသာပြော၍ သင်္ဘောကို ဆက်မောင်းနေ

www.burmeseclassic.com

www.burmeseclassic.com



ခဲ့သည်။ သုံးမိုင်ဆိုသော အကွာအဝေးသည် ပင်လယ်ထဲတွင် ခဏအတွင်း ရောက်လာ၏။

ထို့နောက် သူတို့သင်္ဘောကို ကျောက်ဆူးများချကာ ရပ်နားပါသည်။ သူတို့ သင်္ဘောသားများအားလုံး ပျော်ပျော်ပါးပါး ထမင်းစားကြ၏။ ယမကာကြိုက်သူက အများစုမို့ သူတို့ ထမင်းပွဲများနှင့် သောက်ပွဲက ဆက်သွားသည်။ သို့သော် အလွန်အကျွံ တော့ ကိုညိုက သောက်ခွင့်မပေးချေ။ သင်္ဘောသားများနှင့် ကိုသူရိန်သည် ဒီထမင်းပွဲတွင် ခါတိုင်းထက် ပို၍ ရင်းနှီးနွေး ထွေးနေလေသည်။ ကိုသူရိန်အပေါ် အမြင်စောင်းနေသော ဖိုးသားကပင် သူ့ကို ချစ်ခင်လေးစားစွာ ဆက်ဆံပါ၏။ ရှားရှား ပါးပါး အမှတ်တရဖြစ်စရာ ထမင်းစားချိန်လည်း ဖြစ်သည်။ နောက်တော့ လုပ်ငန်းခွင်ထဲ ပြန်ရောက်သွားကြပြီး သူတို့ အားလုံး ပိုက်ချဖို့ ပြင်ဆင်ကြရ၏။ လေက ပိုမိုကြမ်းလာတာ

www.burmeseclassic.com

www.burmeseclassic.com



လှိုင်းတွေက ကြီးမားလှုပ်ရှားစပြုလာသည်။ ကိုညို့စိတ်ထဲတွင် မုန်တိုင်းများလားဟု သံသယဖြစ်မိသေးသော်လည်း မဟုတ်ပေ။ သူတို့အားလုံး ရာသီဥတုအခြေအနေကို စိတ်ချရမှ အိပ်ရာဝင်ကြ၏။ ထိုညက ကိုသူရိန်ရော ကိုညိုပါ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်ခဲ့ကြပါသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

( ၆ )

ပင်လယ်ထဲသို့ မနေ့က ဝင်သွားခဲ့သော နေလုံးကြီး
သည် အခုတော့ ပင်လယ်ထဲကပဲ ပြန်၍ ပေါ်ထွက်လာခဲ့ပါ
သည်။ ရာသီဥတုသည် အထူးကြည်လင်နေပြီး သင်္ဘောတစ်စီး
လုံးလည်း မမြင်ရသော ခွန်အားတစ်မျိုးကြောင့် လန်းဆန်း
တက်ကြွနေကြ၏။ မနက်ခင်း၏ နေရောင်ခြည်နွေးနွေးအောက်
မှာ သင်္ဘောသားများသည် ပျော်ရွှင်စွာ အလုပ်၌ စိတ်ပါလက်ပါ
ကြိုးစားနေပြန်သည်။ ကိုညိုက သူလူများကို ပိုက်ဆွဲရန် အချက်

www.burmeseclassic.com

www.burmeseclassic.com



ပြလိုက်၏။

ကိုသူရိန်က သူပြောသလို ဖြစ်မလာမှာ စိုးရိမ်ပြီး စိတ်လှုပ်ရှားနေပါသည်။ ညီညာတက်ကြွကာ အလုပ်လုပ်နေသော သင်္ဘောသားများဆီမှ ထူးခြားသည့် အာမေဋိတ်သံများ ရုတ်တရက် ပေါ်ထွက်လာ၏။

"အားပါးပါး . . ပိုက်က လေးလိုက်တာ။ ကြည့်ရတာ ငါးတွေ အပြည့်ပဲ ထင်ပါရဲ့"

"ဟုတ်တယ်နော် . . . မနေ့က ပိုက်ဆွဲရတာနဲ့ တခြားစီပဲ"

ပင်ပန်းကြသော်လည်း သူတို့ ပျော်နေကြပါသည်။ သင်္ဘောပေါ်သို့ ငါးပိုက်ရောက်လာသည့်အခါ အားလုံး၏ အသံများသည် တစ်ယောက်တစ်ပေါက် ဆူညံ ပွက်လောရိုက်နေ၏။ တကယ်ပင် ငါးများက ပိုက်အပြည့်လျှံကျနေခဲ့သည်။ သူတို့

www.burmeseclassic.com

www.burmeseclassic.com



အားလုံး ကိုသူရိန်ကို ဝိုင်းဝန်းချီးမွမ်းကြလေသည်။

ထိုသုံးရက်အတွင်း သူတို့သင်္ဘောတစ်စီးလုံး ပင်ပန်းလွန်းပြီး ခြေကုန်လက်ပန်းကျအောင် ငါးတွေဖမ်းကြရ၏။ အခေါက်တိုင်းမှာ ငါးတွေက ပိုက်အပြည့်အလျှံ ချည်းသာ ဖြစ်၏။ ပိုက်တချို့ စုတ်ပြဲကုန်သည်အထိ ငါးအုပ်က တိုးကြ၏။ ကိုသူရိန်သည် အလုပ်လုပ်ရင်းမှ လပြည့်ညကို မျှော်တလင့်လင့် စောင့်ဆိုင်းနေခဲ့ပါသည်။ အခုဆို သင်္ဘောပေါ်ရှိ အအေးခန်းများ အတွင်း ငါးတွေ ပြည့်လုနီးပါး ဖြစ်နေပြီ။ ပွဲနင်းအဘိုးကြီးက အံ့သြစွာ ရေရွတ်ပါသည်။

"တစ်သက်နဲ့တစ်ကိုယ် ပင်လယ်မှာ ကြီးလာတာ၊ ဒီလောက်များတဲ့ ငါးအုပ်မျိုးတစ်ခါမှ မကြုံဖူးဘူး"

ကိုညိုက . . . "ဒီပုံအတိုင်းဆို မနက်ဖြန်သင်္ဘောပေါ်မှာ အအေးခန်းတွေ အကုန်ပြည့်ပြီ၊ ကော့သောင်းပြန်ပြီး ချက်ချင်း

www.burmeseclassic.com

www.burmeseclassic.com



ပြန်ထွက်လာရင် ဒီငါးအုပ်ကို မီနိုင်သေးတယ်”

“ဟုတ်ပါ့ဗျာ . . . ဒီတစ်ခါ စံချိန်သစ်ပဲ”

ကိုသူရိန်သည် ပဲ့နင်းအဘိုးကြီးနှင့် ကိုညိုတို့ စကားပြော နေတာကို တစ်ခွန်းမှ ဝင်မပြော။ သူ့အာရုံတွေက ဒီနေ့ည လပြည့်ညဆိုသော အသိမှာ တွယ်ငြိနေပါသည်။ နာရီဒိုင်ခွက် ပေါ်မှ စက္ကန့်လက်တံလေးများက တချက်ချက်နှင့် ပုံမှန်လည် ပတ်နေဆဲ. . ။

သူက ည(၁၂)နာရီကို အမြန်ဆုံး ရောက်ချင်လှပြီ။ ကာလကြာရှည်စွာ ပျောက်ဆုံးနေသော သတို့သမီး (သို့မဟုတ်) ဆည်းဆာနှင့် သူသည် ပြန်ဆုံတွေ့ရတော့မည်။ သူ့ဘဝကို ဆည်းဆာနှင့်အတူ ဒုတိယအကြိမ် ပြန်လည်စတင်ရမည်။ မျှော် လင့်ချက်တွေဖြင့် သူ့မျက်လုံးများ တောက်ပစူးရှလို့နေသည်။ အချိန်များက တလွင့်လွင့်ကုန်ဆုံးလျက် ညဆီသို့ ခရီးဆက်ပါ၏။

www.burmeseclassic.com

www.burmeseclassic.com



သင်္ဘောသားများအားလုံးသည် ခါတိုင်းနေ့များထက်ပို၍ ပင်ပန်းထားကြသဖြင့် လပြည့်ည၏အရသာကို မခံစားနိုင်ကြဘဲ မက်မက်စက်စက် ကုလားသေ၊ ကုလားမော အိပ်ပျော်နေကြပါသည်။

လပြည့်ညမို့ ကောင်းကင်က မှောင်မိုက်မနေဘဲ ဝင်းထိန်လင်းပနေ၏။ ကိုသူရိန်သည် သင်္ဘောတစ်စီးလုံးအနှံ့ လှည့်လည်ကာ အိပ်မောကျနေသူများကို လိုက်ကြည့်သည်။ ကိုညိုနှင့် ပဲ့နင်းအဘိုးကြီးကိုတော့ သူများတွေထက် ပိုပြီးအချိန်ကြာအောင် သေသေချာချာ စိတ်ထဲမှ နှုတ်ဆက်ရင်းကြည့်ပါ၏။ နောက်တော့ သူသည် ဒိုင်ယာရီစာအုပ် (ထိုဒိုင်ယာရီထဲတွင် သူက မတော်တဆများ၏ ကြီးကျယ်ခမ်းနားမှုအကြောင်းရေးထားသည်) ကိုကိုင်ရင်း သင်္ဘောထိပ်ဦးပေါ် တက်လာခဲ့ပါသည်။

လရောင်အောက်မှာ ပင်လယ်လှိုင်းပုတ်သံများက လှပ

www.burmeseclassic.com

www.burmeseclassic.com



သော ဂီတတစ်မျိုးလည်း ဖြစ်၏။ သူက နာရီကို တစ်ချက်ပင့်၍ ကြည့်လိုက်သည်။ အချိန်က (၁၁)နာရီ ငါးဆယ်မိနစ်ကို ညွှန်ပြနေပါသည်။ သူ့ခန္ဓာကိုယ်သည် ထိုခဏ၌ ဆတ်ခနဲ တုန်ခါသွားပြီး သွေးလည်ပတ်မှုများက အမှတ်တမဲ့ ရပ်တန့်သွား၏။ ဒူးတွေ ညွှတ်ကွေးလာသောကြောင့် သဘော်ာကုန်းပတ်မှ လက်ရမ်းကို လှမ်းကိုင်လိုက်ရသည်။ လက်ရန်းကို အားပြုထားရင်းမှ ဒိုင်ယာရီစာအုပ်ကိုလည်း ပြုတ်ကျမသွားစေရန် သတိထားရသေး၏။ (၁၂) နာရီထိုးရန် လက်ကျန်ဆယ်မိနစ်ကလည်း ညင်သာစွာ တစ်ချက်ချင်း ချဉ်းကပ်လာနေသည်။

သူ့ခန္ဓာကိုယ်ထဲမှ အင်အားများကို တစ်စုံတစ်ယောက်က နုတ်ယူနေသလိုခံစားရသည်။ မျက်လုံးတွေလည်း မှုန်ဝါးစပြုလာ၏။ လရောင်၏ဆွဲငင်မှုအောက်မှာ သူနွမ်းနယ်မောပန်းနေလေသည်။

www.burmeseclassic.com

www.burmeseclassic.com



မဖြစ်ဘူး။ အားတင်းထားမှ. . .။

သူက သဘော်ကုန်းပတ်လက်ရန်းတွေကို ပို၍အားစိုက်ထားမိပါသည်။ (၁၂)နာရီထိုးရန် စက္ကန့်ပိုင်းသာ လိုတော့၏။

ဆည်းဆာ လာတော့မှာပါ။ သူမက ဘယ်လိုအကြောင်းနဲ့မှ သူ့ဆီလာဖို့ ပျက်ကွက်မှာ မဟုတ်ဘူး။ သူရေးထားတဲ့ ဒိုင်ယာရီကို ဆည်းဆာကို ပြရမယ်။ အဲဒီအခါ သူမက " မောင်စကားပြေရေးတာ တိုးတက်လာတယ်" လို့များ မှတ်ချက်ချလေမလား။ သူ့ဦးခေါင်းသည် အောက်သို့ ထိုးစိုက်ကျသွားပါသည်။ ခန္ဓာကိုယ်သည် သွေးလည်ပတ်မှု ရပ်ဆိုင်းနေခြင်းကြောင့် အေးစက်ကာ နာဗ့်ကြောများလည်း အလုပ်မလုပ်တော့။ သူ့လက်ချောင်းများသည် ပြေလျော့စပြုလာ၏။ အချိန်က (၁၁)နာရီ (၅၄) စက္ကန့်။

၅၅ စက္ကန့်၊ ၅၆ စက္ကန့်၊ ၅၇ စက္ကန့်၊ ၅၈ စက္ကန့်၊ ၅၉

www.burmeseclassic.com

www.burmeseclassic.com



စတ္တာန့်. . .။

(၁၂)နာရီတိတိ ထိုးသွားပြီ။ သူ ထိုနေရာတွင် ဒူးထောက်လဲကျသွားပါသည်။ ပတ်ဝန်းကျင်တစ်ခုလုံးတွင် လရောင်သည် လင်းထိန်နေပြီး လေတိုးသံများနှင့် လှိုင်းခတ်သံများကြားမှ ပင်လယ်ဝံပုလွေများ၏ အူသံရှည်ရှည်တွေက ထူးဆန်းစွာပေါ်ထွက်လာလေသည်။ အချိန်အခါမဟုတ် လျှပ်စီးတွေက (မိုးနှင့် မိုးခြိမ်းသံများမပါဘဲ) လက်ထနေ၏။

သူ့လက်ထဲတွင် ကိုင်ထားသော ဒိုင်ယာရီစာအုပ်သည် ပင်လယ်ထဲသို့ လွတ်ကျ သွားသည်။ ဒိုင်ယာရီစာအုပ်လေးသည် ရေလှိုင်းနှင့် တစ်ချက်၊ နှစ်ချက် ထိခတ်ကာ ပင်လယ်ရေအောက်သို့ နစ်မြုပ်ကွယ်ပျောက်သွားခဲ့ပြီ။ လဲကျနေသော သူ့ခန္ဓာကိုယ်ပေါ်သို့ ကောင်းကင်ပေါ်မှ အလင်းတန်းတစ်ခုက ထိုးကျလာသည်။

www.burmeseclassic.com

www.burmeseclassic.com



သူလည်းချောင်းဆိမှ အက်ကွဲနာကျင်စွာ အမည်တစ်ခု ကို ကြိုးစားအော်ခေါ်နေမိ၏။ သို့သော် ဘယ်သူမှ မကြားရနိုင် တော့. . .။

ဆည်းဆာရေ

ဆည်းဆာရေ

ဆည်းဆာရေ

ဦးနှောက်ဖြင့်သိသော သိမှု၏ အခြားတစ်ဖက်မှ အရာရာသည် ပိန်းပိတ်အောင် မည်းမှောင်ကျသွားခဲ့ပါသည်။ ပင်လယ်လှိုင်းရိုက်သံ ပါးပါးလေးက အနက်ရောင်ထုထည်၌ ကပ်ငြိနေ၏။

* * *

www.burmeseclassic.com

www.burmeseclassic.com

( ၇ )

ကိုညိုသည် ကော့သောင်းမြို့ရှိ ကြေးနန်းရုံးထဲမှ ထွက်လာခဲ့၏။ သူ့လက်ထဲတွင် ရန်ကုန်ရှိ ကိုသူရိန် အိမ်လိပ်စာတပ်ထားသော ကြေးနန်းပေးပို့မှု လက်ခံဖြတ်ပိုင်းလေးကို ကိုင်ထားသည်။ ကိုညိုက ကြေးနန်းစာကို တစ်ချက်ဖတ်ကြည့်လိုက်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့

ကိုနေမင်းသူရိန်နှင့်

သက်ဆိုင်သူများသိစေရန်

ရွှေနယားငါးဖမ်းကုမ္ပဏီတွင် ဝန်ထမ်းအဖြစ် အလုပ်လုပ်နေသော ကိုနေမင်းသူရိန်သည် ပင်လယ်အတွင်း တာဝန်ထမ်းဆောင်နေစဉ် ပျောက်ဆုံးသွားပါကြောင်း အသိပေးအပ်ပါသည်။

ဥက္ကဋ္ဌ(ကိုယ်စား)

ကိုညို

(မန်နေဂျာ)

ရွှေနယားငါးဖမ်းကုမ္ပဏီ

လေပူတွေ ဝေ့ခနဲ တိုက်ခတ်လိုက်သဖြင့် ကိုညိုဆံပင်များ လွင့်ဝဲသွား၏။ သူက ကိုသူရိန်ပျောက်ဆုံးသွားမှုအတွက်

www.burmeseclassic.com

www.burmeseclassic.com



နားမလည်နိုင်စွာ ခေါင်းရမ်းလိုက်မိသည်။ နောက် . . . သူက လမ်းကို ဆက်လျှောက်လာခဲ့သည်။ ကိုညိုသည် ဒီတစ်ခါလည်း သူ့ထုံးစံအတိုင်း နားမလည်ခြင်းကို သူနားမလည်ခြင်းအတိုင်း သာ ထားလိုက်ပါ၏။

လူဦးရေ သန်းပေါင်း (၅၀၀၀)ကျော်ရှိသော ကမ္ဘာကြီး၌ လူနှစ်ယောက်သည် ထိုနည်းဖြင့် လျှို့ဝှက်စွာ ပျောက်ဆုံးခဲ့ဖူး လေသည်။ ။

လေးစားစွာဖြင့်-

**ဝေမှုးသွင်**

waihmuuthwin @ gmail.com
အမှတ် (၇၇/၈၃)၊ အခန်း (၁၁)
မန္တလေးလမ်း၊ ကန်တော်လေး
ရန်ကုန်မြို့။

www.burmeseclassic.com

www.burmeseclassic.com

## ဝေမှူးသွင်၏ ထုတ်ဝေပြီးသောစာအုပ်များ

၁။ လဆွဲအားနဲ့မိန်းမ
၂။ အဆင့်မြင့်ချည်တိုင် (ဒုတိယအကြိမ်)
၃။ အနွေးသွားလွန်းပျံယာဉ် (ဒုတိယအကြိမ်)
၄။ စိတ်ကောက်နတ်သမီး (ဒုတိယအကြိမ်)
၅။ လေလုံဇကာ (ကဗျာ)
၆။ အပြာရောင်မှတ်ဉာဏ်အပိုင်းအစများ (ဒုတိယအကြိမ်)
၇။ သံယောဇဉ်ဖတ်စာ
၈။ သစ်ရွက်တို့၏ ပေါ်ဆခြင်းများ (ကဗျာ)
၉။ ဝတ်မှုန်ကူးတဲ့ကြယ်
၁၀။ စက္ကူပန်းတွေရဲ့သီချင်း
၁၁။ ကျူးပစ်ကိုယ်တိုင်မသိခဲ့တဲ့ မြားအကြောင်း
၁၂။ ဗလာကောင်ရေးတဲ့ ဗလာအကြောင်းများ
၁၃။ အခန်းဆက်နှင်းဆီ
၁၄။ ကျွမ်းကျင်စွာ ပြုလုပ်ထားသောအလွမ်း
၁၅။ ချစ်သူပြောတဲ့ တနင်္ဂနွေပုံပြင်
၁၆။ တစ်ခါတစ်ရံများ
၁၇။ အချစ်အကြောင်း (ကဗျာ)
၁၈။ အဆောင်သူအတွက်
၁၉။ အသည်းကွဲလူရှင်တော်
၂၀။ တယော
၂၁။ ဧဒင်ဥယျာဉ်ရဲ့ နောက်ဆုံးနေ့
၂၂။ ဘတ်သီးအော်ပရေးရှင်း
၂၃။ အလွမ်းတွေချိတ်ဆွဲထားတဲ့မိုးတိမ်
၂၄။ မှုကြိုတစ်ဦး၏ ဖာလူဒါအရသာ

www.burmeseclassic.com

www.burmeseclassic.com

၂၅။ လူနောက်
၂၆။ ကတ္တီပါလက်ရေး
၂၇။ လိပ်ပြာထောင်ချောက်
၂၈။ ပြယ်လွင့်ခဲ့သော အမှတ်တရ
၂၉။ မမရေးတဲ့နေ့စွဲများ
၃၀။ ပန်းပွင့်အက်ကြောင်း
၃၁။ ဘာညာအထာ
၃၂။ ဘယ်သူမှအရှုံးမဟုတ်ဘူး
၃၃။ ဂိမ်း
၃၄။ ပန်းဝင်စား
၃၅။ အလင်းခက်ဆစ်
၃၆။ ခေါင်းညိတ်ပြေးတဲ့ အရိပ်ကလေး
၃၇။ မဲ့ပြုံးလေးနဲ့အချစ်
၃၈။ နှင်းဆီရောင်မုန်တိုင်း
၃၉။ အလင်းအမှောင်ကကြိုး
၄၀။ သူငယ်ချင်းလွယ်အိတ်ထဲကချစ်သူ
၄၁။ ဟဲလို
၄၂။ မိုးအယ်လ်ဘမ်
၄၃။ ကြာပန်းလေးနဲ့ ပြန်မခေါ်ကြေး
၄၄။ သမ်းဝေနေသော အလွမ်းမှတ်စုများ
၄၅။ အစိမ်းရောင်ကစားနည်း
၄၆။ ကျွန်တော်နှင့် ပျက်ကျသွားသောအလင်းပွင့်လေးများ

**ယခု**

၄၇။ လူပျောက်ကြော်ငြာ

www.burmeseclassic.com